# အခြေခံကျန်းမာရေးဝန်ထမ်းများအတွက်

# မိခင်သေဆုံးမှု ဆိုင်ရာ စောင့်ကြပ်ကြည့်ရှုတုံ့ပြန် ဆောင်ရွက်ခြင်းစနစ်

# သင်တန်းပေးခြင်း

Training for Basic Health Staffs on Maternal Death Surveillance and Response (MDSR)

# Training Modules - သင်ခန်းစာများ

- သင်ခန်းစာ (၁) (MDSR) ရည်မှန်းချက်၊ အဓိပ္ပါယ်ဖွင့်ဆိုချက်များ နှင့် လမ်းညွှန်ချက်
- သင်ခန်းစာ (၂) Mrs.X ဘာကြောင့်သေဆုံးခဲ့ရသလဲ၊ (Mrs.X မိခင်သေဆုံးမှု ဖြစ်ပျက်မှု ကို နားလည်အောင် လေ့လာပြီး ရှာဖွေဖော်ထုတ်ပုံ)
- သင်ခန်းစာ (၃) မိခင်သေဆုံးမှုကို ဖြစ်ပွားစေသောနှောင့်နှေးခြင်း အကြောင်းတရားများ
- သင်ခန်းစာ (၄) MDSR Mechanism ၊ မြို့နယ်အဆင့်ရပ်ကွက် ကျေးရွာအတွင်း မိခင်သေဆုံးမှုဆိုင်ရာ စောင့်ကြပ်ကြည့်ရှုတုန့်ပြန့်ဆောင်ရွက်သောအဖွဲ့
- သင်ခန်းစာ (၅) မိခင်သေဆုံးမှုကို ဖော်ထုတ်ခြင်း(identification) နှင့် သတင်း ပို့ခြင်း (Notification)၊ICD
- သင်ခန်းစာ (၆) ရပ်ကွက်/ကျေးရွာအတွင်း မိခင်သေဆုံးမှုအား မြို့နယ်MDSR အဖွဲ့မှ စောင့်ကြပ်ကြည့်ရှုတုံ့ပြန်ဆောင်ရွက်ခြင်း ၊ Form A, Verbal autopsy and Role play
- သင်ခန်းစာ (၇) ဆေးရုံအတွင်း မိခင်သေဆုံးမှုအား ဆေးရုံMDSR အဖွဲ့မှစောင့်ကြပ်ကြည့်ရှုတုံ့ပြန်ဆောင်ရွက်ခြင်း
- သင်ခန်းစာ (၈) တုံ့ပြန်ဆောင်ရွက်ခြင်း

World Health Organization Myanmar

ESSENTIAL HEALTH PROJECT

UNFPA

# အဓိကရည်မှန်းချက်

"မိခင်သေဆုံးမှုဆိုင်ရာ စောင့်ကြပ်ကြည့်ရှုတုံ့ပြန် ဆောင်ရွက်ခြင်းစနစ်" ကို မြန်မာတစ်နိုင်ငံလုံး တွင် ဆောင်ရွက်လျက်ရှိပြီး အခြေခံကျန်းမာရေးဝန်ထမ်းများ အမှန်တကယ် လက်တွေ့ဘဝတွင် အသုံးဝင်၍ လုပ်ငန်းလက်စွဲ အနေဖြင့် ကိုးကားနိုင်ရန် ရွယ်ရည်ပါသည်။

World Health Organization Myanmar

MINISTRY OF HEALTH AND SPORTS

ESSENTIAL HEALTH PROJECT
USAID jhpiego pact koekoetech psi THINKWELL

UNFPA

# အသေးစိတ်ရည်ရွယ်ချက်များ

(၁) မိခင်သေဆုံးမှုဆိုင်ရာ စောင့်ကြပ်ကြည့်ရှု တုံ့ပြန်ဆောင်ရွက်ခြင်း (MDSR) ၏ သဘောတရား များနှင့် အကြောင်းရင်းများကို နိုင်ငံတကာတွင် လက်တွေ့ အသုံးပြုနေသော သာဓကများနှင့်တကွ ရှင်းလင်းပြသရန်။

(၂) မြန်မာနိုင်ငံတွင် အသုံးပြုမည့် MDSR (မိခင်သေဆုံးမှုဆိုင်ရာ စောင့်ကြပ်ကြည့်ရှု တုံ့ပြန်ဆောင်ရွက်ခြင်းစနစ်) နှင့်ပတ်သက်၍ ခြုံငုံလေ့လာသိရှိနိုင်ပြီး တိုင်းဒေသကြီး/ ပြည်နယ်၊ မြို့နယ် တို့ရှိ ကျန်းမာရေးစနစ် (National Health System) အဆင့်တိုင်းတွင် လက်တွေ့ ကျင့်သုံးပုံကို နားလည်သိရှိစေရန်။

(၃) အခြေခံကျန်းမာရေးဝန်ထမ်းများ အားလုံး MDSR ဆောင်ရွက်ပုံကိုသေချာနားလည် သဘောပေါက်ပြီး မိခင်သေဆုံးမှုဆိုင်ရာ အချက်အလက်များ ကောက်ယူခြင်းနှင့် သတင်းပို့ခြင်းကို လက်တွေ့တွင် အကျွမ်းတဝင် ဆောင်ရွက်နိုင်စေရန်။

World Health Organization Myanmar

ESSENTIAL HEALTH PROJECT

UNFPA

# အခန်း (၃)
# အဓိပ္ပါယ်ဖွင့်ဆိုချက်များ ၊ မြန်မာနိုင်ငံ၏ မိခင်သေဆုံးမှုဆိုင်ရာ စောင့်ကြပ်ကြည့်ရှုတုံ့ပြန်ဆောင်ရွက်ခြင်း ဖွဲ့စည်းပုံနှင့် လုပ်ရှားဆောင်ရွက်မည့် အစီအစဥ်များ

**သင်ခန်းစာ၏ ရည်ရွယ်ချက်များ –** သင်ခန်းစာ ပြီးဆုံးလျှင်

သင်တန်းသားများအားလုံးသည် အောက်ပါတို့ကို တတ်မြောက်ရန် ရည်ရွယ်သည် -

- မိခင်သေဆုံးခြင်း ကို **အဓိပ္ပါယ်ဖွင့်ဆိုခြင်း**၊ သေဆုံးသည့် **အမျိုးအစားခွဲခြမ်းနိုင်ခြင်း**
- မိခင်သေဆုံးမှုပုံစံများကို **ဖော်ပြနိုင်ခြင်း**
- မြန်မာနိုင်ငံ မိခင်သေဆုံးမှုဆိုင်ရာစောင့်ကြပ်ကြည့်ရှုတုံ့ပြန်ဆောင်ရွက် မှုအဖွဲ့၏ **ဖွဲ့စည်းပုံကို နားလည်သိရှိခြင်း**
- မိခင်သေဆုံးမှုဆိုင်ရာစောင့်ကြပ်ကြည့်ရှု တုံ့ပြန်ဆောင်ရွက်ခြင်း **သတင်းအချက်အလက်များ စီးဆင်းပုံကို** နားလည်သဘောပေါက်ပြီး ရှင်းပြနိုင်ခြင်း

World Health Organization Myanmar · Ministry of Health and Sports · Essential Health Project (USAID, jhpiego, pact, koekoe tech, psi, ThinkWell) · UNFPA

## အခန်း (၃)
## အဓိပ္ပါယ်ဖွင့်ဆိုချက်များ ၊ မြန်မာနိုင်ငံ၏ မိခင်သေဆုံးမှုဆိုင်ရာ စောင့်ကြပ်ကြည့်ရှုတုံ့ပြန်ဆောင်ရွက်ခြင်း ဖွဲ့စည်းပုံနှင့် လုပ်ရှားဆောင်ရွက်မည့် အစီအစဥ်များ

### မိခင်သေဆုံးခြင်း ( Maternal Death)

အမျိုးသမီးတစ်ဦးသည် **ကိုယ်ဝန်ဆောင်နေစဉ် (သို့မဟုတ်) မီးဖွားသည်မှ ၄၂ ရက်အတွင်း မည်သည့်သေဆုံးမှုမျိုး** ကို မဆို (ကိုယ်ဝန်သက်မည်မျှပင်ဖြစ်စေ ၊ ကိုယ်ဝန်တည်ရာ မည်သည့်နေရာတွင် မဆို) မိခင်သေဆုံးခြင်း ဟုခေါ်သည်။ **ကိုယ်ဝန်ဆောင်ခြင်းနှင့် ဆက်စပ်သော အကြောင်းတရားကြောင့်ဖြစ်စေ၊ ကိုယ်ဝန်ကြောင့် ပိုမိုဆိုးရွားလာရသော အကြောင်းတရားကြောင့်ဖြစ်စေ၊ ကိုယ်ဝန်အတွက် လိုအပ်သော ကုသမှုခံယူခြင်းကြောင့်** ဖြစ်စေ ထိုသို့ သေဆုံးမှုမျိုးကို မိခင်သေဆုံးခြင်း ဟု အဓိပ္ပါယ်ဖွင့်ဆိုပါမည်။ သို့သော် ထိုသေဆုံးမှုတွင် **ထိခိုက်ဒဏ်ရာရ၍ သေဆုံးခြင်းမျိုး (သို့မဟုတ်) မတော်တဆဖြစ်ပွားမှုကြောင့်** သေဆုံးခြင်းမျိုးများ မပါဝင်ပါ။

# အခန်း (၃)

# အဓိပ္ပါယ်ဖွင့်ဆိုချက်များ ၊ မြန်မာနိုင်ငံ၏ မိခင်သေဆုံးမှုဆိုင်ရာ စောင့်ကြပ်ကြည့်ရှုတုံ့ပြန်ဆောင်ရွက်ခြင်း ဖွဲ့စည်းပုံနှင့် လုပ်ရှားဆောင်ရွက်မည့် အစီအစဉ်များ

**<u>Direct Obstetric Death (ကိုယ်ဝန်ဆောင်ခြင်းနှင့်တိုက်ရိုက်သက်ဆိုင်သော မိခင်သေဆုံးခြင်း)</u>**

ဤသေဆုံးမှုမျိုးသည် ကိုယ်ဝန်ဆောင်စဉ် ၊ မီးဖွားစဉ် ၊ မီးတွင်း ကာလအတွင်း တစ်ချိန်ချိန်တွင် သားဖွားခြင်း ကိုယ်ဝန်ဆောင်ခြင်းနှင့်သက်ဆိုင်သောရောဂါများ (Obstetric Complications) ကြောင့် လည်းကောင်း၊ ကုသခြင်း တစ်စုံတစ်ရာ (Interventions)ကြောင့် လည်းကောင်း၊ ဂရုမပြုမိဘဲ ဆောင်ရွက်ရန် ကျန်နေခဲ့ခြင်းများ (Omissions) ကြောင့်လည်းကောင်း၊ မမှန်မကန်သောကုသမှုများ(Incorrect Treatment) ကြောင့်လည်းကောင်း၊ (သို့မဟုတ်) အထက်တွင်ဖော်ပြခဲ့သော အကြောင်းအရာ တစ်ခုထက်ပိုသော အကြောင်းတရားဆက်စပ်မှုများကြောင့် လည်းကောင်း၊ သေဆုံးခြင်းမျိုးကို ခေါ်ပါသည်။

(ဥပမာ - မီးမဖွားမီ (သို့မဟုတ်) မီးဖွားပြီး သွေးသွန်ခြင်း၊ ကိုယ်ဝန်ကြောင့်ဖြစ်ပွားသော သွေးတိုးရောဂါ၊ ကိုယ်ဝန်ဆိပ်တက်ရောဂါ၊ ကိုယ်ဝန်ဆောင်စဉ် ပိုးဝင်ခြင်း၊ မွေးဖွားရန် ကြန့်ကြာ ခြင်း - Obstructed Labour နှင့် သားပျက်သားလျှောခြင်း)

# အခန်း (၃)
# အဓိပ္ပါယ်ဖွင့်ဆိုချက်များ ၊ မြန်မာနိုင်ငံ၏ မိခင်သေဆုံးမှုဆိုင်ရာ စောင့်ကြပ်ကြည့်ရှုတုံ့ပြန်ဆောင်ရွက်ခြင်း ဖွဲ့စည်းပုံနှင့် လုပ်ရှားဆောင်ရွက်မည့် အစီအစဉ်များ

## Indirect Obstetric Death(ကိုယ်ဝန်ဆောင်ခြင်းနှင့်တိုက်ရိုက်မသက်ဆိုင်သောမိခင်သေဆုံးခြင်း)

ဤသေဆုံးမှုမျိုးသည် ယခင်ကိုယ်ဝန်မဆောင်ခင်ရှိခဲ့သောရောဂါ(pre-existin g disease) (သို့မဟုတ်) ကိုယ်ဝန်ဆောင်စဉ်တွင်ဖြစ်ပွားလာသောရောဂါနှင့် ထိုရောဂါအခြေအနေသည် ကိုယ်ဝန်၏ ဇီဝကမ္မ ဖြစ်စဉ်ကြောင့် ပိုမိုဆိုးရွားနိုင်သော အကြောင်းတရားများ ရှိနိုင်သော်လည်း ကိုယ်ဝန်ဆောင်ခြင်း၊ မီးဖွားခြင်းတို့နှင့် လုံးဝတိုက်ရိုက်သက်ဆိုင်ခြင်းမရှိဘဲ သေဆုံးခြင်းမျိုး ဖြစ်ပါသည်။

(ဥပမာ-ဆေးပညာ နှင့် ဆက်စပ်သောရောဂါများ - သွေးအားနည်းခြင်း၊ နှလုံးရောဂါ၊ ရင်ကြပ်ရောဂါ ၊ ပိုးဝင်သော ရောဂါတစ်မျိုးမျိုး - ခုခံအားကျဆင်းသော HIV ရောဂါ၊ တီဘီ၊ အဆုတ်ရောင်ရောဂါ (Pneumonia) နှင့် ငှက်ဖျားရောဂါများ)

## အခန်း (၃)

## အမိပ္ပါယ်ဖွင့်ဆိုချက်များ ၊ မြန်မာနိုင်ငံ၏ မိခင်သေဆုံးမှုဆိုင်ရာ စောင့်ကြပ်ကြည့်ရှုတုံ့ပြန်ဆောင်ရွက်ခြင်း ဖွဲ့စည်းပုံနှင့် လုပ်ရှားဆောင်ရွက်မည့် အစီအစဥ်များ

### မီးဖွားပြီး (၄၂) ရက် နောက်ပိုင်းမှ မိခင်သေဆုံးခြင်း (Late Maternal Death)

မီးဖွားပြီး (၄၂) ရက် နောက်ပိုင်းမှ မိခင်သေဆုံးခြင်းဆိုသည်မှာ အမျိုးသမီးတစ်ဦးသည် ကိုယ်ဝန်ဆောင်စဉ် (သို့မဟုတ်) မီးဖွားစဉ်မှ မီးဖွားပြီး (သို့မဟုတ်) ကိုယ်ဝန်ဆက်လက်ဆောင်ခြင်းမရှိတော့သည့်နောက်ပိုင်း ၄၂ ရက်မှ တစ်နှစ်အတွင်း သေဆုံးမှုမျိုးကို ဆိုလိုပါသည်။

World Health Organization Myanmar | Ministry of Health and Sports | ESSENTIAL HEALTH PROJECT: USAID, jhpiego, pact, koekoetech, psi, THINK WELL | UNFPA

# အခန်း (၃)
# အဓိပ္ပါယ်ဖွင့်ဆိုချက်များ ၊ မြန်မာနိုင်ငံ၏ မိခင်သေဆုံးမှုဆိုင်ရာ စောင့်ကြပ်ကြည့်ရှုတုံ့ပြန်ဆောင်ရွက်ခြင်း ဖွဲ့စည်းပုံနှင့် လုပ်ရှားဆောင်ရွက်မည့် အစီအစဥ်များ

## ကိုယ်ဝန်နှင့်ဆက်နွယ်သော မိခင်သေဆုံးခြင်း (Pregnancy Related Death)

မိခင်တစ်ဦးသည် ကိုယ်ဝန်ဆောင်စဉ် (သို့မဟုတ်) မီးဖွားစဉ် (သို့မဟုတ်) မီးဖွားပြီး (၄၂) ရက် အတွင်း မည်သည့် အကြောင်းကြောင့် သေဆုံးမှုမျိုးကိုမဆို ကိုယ်ဝန်နှင့် ဆက်နွယ်သော မိခင်သေဆုံးမှုဟု ခေါ်ဆိုပါသည်။ (ထိုသေဆုံးမှုတွင် ထိခိုက်ဒဏ်ရာရ၍ သေဆုံးခြင်းမျိုး(သို့မဟုတ်) မတော်တဆ ဖြစ်ပွားမှုကြောင့် သေဆုံးခြင်း မျိုးများ ပါဝင်ပါသည်)

# Maternal Mortality in Myanmar

**(per 100,000 LB)**




Source: United Nations: Trends in maternal mortality: 1990-2015 , Thematic Report on Maternal Mortality, 2014 Population and Housing Census

# Common Causes of Maternal Mortality in Myanmar




Source: Maternal Death Review 2015. Ministry of Health, Myanmar

- **၇၄ ရာခိုင်နှုန်းခန့်သော** မိခင်သေဆုံးခြင်း မှာ **ကိုယ်ဝန်ဆောင်ခြင်းနှင့် တိုက်ရိုက်သက်ဆိုင်သော မိခင်သေဆုံးခြင်း** ဖြစ်ပြီး၊ ၎င်းအခြေအနေများမှာ **ကြိုတင်ကာကွယ်နိုင်သည်။**
- **၂၆ ရာခိုင်နှုန်း** မှာ ကိုယ်ဝန်ဆောင်ခြင်းနှင့်တိုက်ရိုက်မသက်ဆိုင်သော မိခင်သေဆုံးမှုများဖြစ်သည်။

# မြန်မာနိုင်ငံ၏ မိခင်သေဆုံးမှုဆိုင်ရာ စောင့်ကြပ်ကြည့်ရှု တုံ့ပြန်ဆောင်ရွက်ခြင်း လမ်းညွှန်ချက်များ

- မြန်မာနိုင်ငံ မိခင်သေဆုံးမှုဆိုင်ရာ စောင့်ကြပ်ကြည့်ရှုတုန့်ပြန်ဆောင်ရွက်ခြင်း MDSR သည် အရည်အသွေးပြည့်ဝသော ကိုယ်ဝန်ဆောင်စောင့်ရှောက်မှု၊ မီးဖွားစဉ်၊ မီးတွင်းစောင့်ရှောက်မှုများ ကို ပိုမိုမြှင့်တင်ပေးနိုင်ရုံမျှမက၊ မိခင်များရောဂါကြောင့် ဆိုးကျိုးရရှိမှုများ၊ သေဆုံးမှု များကို လျှော့ချရေးတွင် အလွန်အရေးပါသော မဟာဗျူဟာ တစ်ရပ်ဖြစ်ပါသည်။
- MDSR လမ်းညွှန်ချက်ကိုလည်း နိုင်ငံတကာအတွေ့အကြုံနှင့် အထောက်အထား အပြည့်အဝရှိသော ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ၏ ၂၀၁၃ MDSR လမ်းညွှန်ချက်ကို အခြေခံ၍ ရေးဆွဲခဲ့ပါသည်။

## ပုံ (၁) မိခင်သေဆုံးမှုဆိုင်ရာ စောင့်ကြပ်ကြည့်ရှု တုံ့ပြန်ဆောင်ရွက်ခြင်းစနစ်

ရပ်ကွက်/ကျေးရွာ၊ဆေးရုံ တိုင်းဒေသကြီး နှင့်ပြည်နယ်မှစ၍ ဗဟိုအဆင့်အထိ

စဉ်ဆက်မပြတ် ဆောင်ရွက်ရမည့်စက်ဝိုင်း



# No Fault Finding Concept

**အပြစ်ကျူးလွန်သူဟု အမည်နာမတပ်ခြင်း၊ အပြစ်တင်ပုံချခြင်းမျိုးများလုံးဝမရှိပဲ**

**အဆုံးတိုင် လျှို့ဝှက်သော မဟာဗျူဟာ**

- မိခင်သေဆုံးမှုဖြစ်ပွားစဉ်တွင် ကျန်းမာရေးစောင့်ရှောက်မှုပေးသူအား အပြစ်တင်ခြင်း၊ အမည်ထုတ်ဖော်ပြောဆိုခြင်း၊ အပြစ်ပုံချခြင်းမလုပ်ရဟု ဆိုထားခြင်းမှာ **မိခင်သေဆုံးမှုအား တာဝန်ခံဆောင်ရွက်ရန်မလို ဟုရည်ညွှန်းခြင်း မဟုတ်ပါ။**

- ဝန်ထမ်းများသည် **မိမိကိုယ်ကို အပြစ်တင်နေခြင်းဖြင့်** ထိုသူများ၏ **ကျန်းမာရေးစောင့်ရှောက်မှု မတိုးတက်ခြင်း မဖြစ်စေလို၍** ဖြစ်သည်။

- **လိုအပ်သောဆေးဝါး၊ ပညာ၊ သင်တန်း အထောက်အပံ့များ စီစဉ်ဆောင်ရွက်ပေးခြင်း**သည် ကာကွယ်၍ရနိုင်သော မိခင်သေဆုံးမှုများ ကို ကာကွယ်ပေးရန် အကောင်းဆုံးဖြေရှင်းနည်း တစ်ခုဖြစ်ပါသည်။

# သင်ခန်းစာ (၂)

## အခန်း (၄)

**Mrs.X ဘာကြောင့်သေဆုံးခဲ့ရသလဲ၊ ( Mrs.X မိခင်သေဆုံးမှု ဖြစ်ပျက်မှု ကို နားလည်အောင် လေ့လာပြီး ရှာဖွေဖော်ထုတ်ပုံ) (Play Video)**

- သင်တန်းသားများသည် Mrs.X သေဆုံးပုံ ဇာတ်ညွှန်းကို အုပ်စုဖွဲ့၍ ဆွေးနွေးကြရပါမည်။

World Health Organization Myanmar

ESSENTIAL HEALTH PROJECT

# Mrs.X သေဆုံးမှုနှင့် ပတ်သတ်သောဆန်းစစ်ချက်များ

**မေး (၁)** ။Mrs.X သေဆုံးရသည့် အဓိက တိုက်ရိုက်ဆက်နွယ်နေသည့်အကြောင်းအရင်းကိုပြောပြပါ။

**မေး (၂)** ။တိုက်ရိုက် မဟုတ်သော်လည်း ထိုသေဆုံးမှုကိုဖြစ်စေသော ဆက်စပ်အကြောင်းတရားကော ရှိပါသလား။

**မေး (၃)** ။မိခင်သေဆုံးမှု ပြန်လည်ဆန်းစစ်သော အဖွဲ့သည် ဆေးရုံ၏ ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေးကို ပြောင်းနိုင်ရန် မည်သည့် အထောက်အထားများကို အသုံးပြုခဲ့သနည်း။

**မေး (၄)** ။ မိခင်သေဆုံးမှု ကို ဆေးရုံမှ ဦးစွာ ပြန်လည်စစ်ဆေးပြီးနောက် ဆေးရုံအဆင့်အနေနှင့် မည်သည့်တုံ့ပြန်မှု (၂) ခု လုပ်ခဲ့ပါသလဲ။

World Health Organization Myanmar

MINISTRY OF HEALTH AND SPORTS

ESSENTIAL HEALTH PROJECT USAID jhpiego pact koekoe tech psi THINK WELL

UNFPA

# Answers

- **ဖြေ (၁)**။ မီးမဖွားမီ သွေးသွန်ခြင်း
- **ဖြေ (၂)**။ သွေးအားနည်းနေခြင်း။
- **ဖြေ (၃)**။
  – ဆေးရုံမှ မိခင်သေဆုံးမှု ဆိုင်ရာ စောင့်ကြပ်ကြည့်ရှုတုံ့ပြန်ဆောင်ရွက် သော အဖွဲ့ မှ Mrs.X အပါအဝင် ဆေးရုံမှ လူနာမှတ်တမ်းများကို နောက်ကြောင်း ပြန်စစ်ဆေးမှု ပြုလုပ်ခြင်း၊ သူမ၏ မိသားစု အပါအဝင် ရပ်ကွက်၊ကျေးရွာတွင်းရှိမိခင်သေဆုံးမှုကို သိနိုင်သော သူများထံသွားရောက်စစ်မေးမြန်းခြင်း။
  – နိုင်ငံတော် စုံစမ်းစစ်ဆေးရေး အဖွဲ့ (international review) မှ နိုင်ငံတကာ ဆန်းစစ်မှု အနေနှင့် အခြားဆေးရုံများမှ လည်း အချက်အလက်များ စုစည်းပြီး ပြန်လည်ဆန်းစစ်ခြင်း၊ လူမှုရေးနှင့် ယဉ်ကျေးမှု ဆိုင်ရာ မိသားစု စီမံကိန်း ချမှတ်ထားခြင်း၊

  ယောက်ျား၊ မိန်းမတစ်ဦးချင်း နှင့်ဆိုင်သော တာဝန်နှင့် တာဝန်ယူမှုများ ကို ဆန်းစစ်ခဲ့ကြပါသည်။

World Health Organization Myanmar

MINISTRY OF HEALTH AND SPORTS

ESSENTIAL HEALTH PROJECT USAID jhpiego pact koekoetech psi THINKWELL

UNFPA

# Answers

**ဖြေ (၄)၊**

- သွေးဖြည့်ဆည်းပေးနိုင်မှု တိုးမြှင့်ဆောင်ရွက်ပေးခြင်း။
- အရေးပေါ်ခွဲစိတ်မွေးဖွားနိုင်မှု ကဲ့သို့သော အရေးပေါ် ဝန်ဆောင်မှု ပိုမိုရရှိနိုင်စေရန် စီစဉ်ထားခြင်း။
- ကိုယ်ဝန်ဆောင်စောင့်ရှောက်မှု နှင့် မီးဖွားနိုင်ခြင်းကိုဆောင်ရွက်နိုင်မည့် သားဖွားဆရာမများအား ပိုမိုလေ့ကျင့်ပျိုးထောင်ပေးခြင်း။

World Health Organization Myanmar

ESSENTIAL HEALTH PROJECT

# ဆေးပညာနှင့် ဆက်စပ်နေသော လတ်တလော မိခင် Mrs.X သေဆုံးရသော အကြောင်းအရင်းများ

၁။ သေဆုံးရသောအဓိကတိုက်ရိုက်ဆက်စပ်နေသည့်အကြောင်းအရင်းမှာ– **မီးမဖွားမီသွေးသွန်ခြင်း**၊

၂။ တိုက်ရိုက် မသက်ဆိုင်သော်လည်း ထိုသေဆုံးမှုကိုဖြစ်စေသောဆက်စပ် အကြောင်းတရား – **သွေးအားနည်းမှု**၊ နှင့်

၃။ အခြားဆက်နွယ် ပံ့ပိုးနေသော **လူမှုရေးအကြောင်းတရားများ** – အမျိုးသမီးများ ၏ နိမ့်ကျသော ဘဝ၊ အစားအသောက်ချို့တဲ့မှု၊ ကိုယ်ဝန်ဆောင်စောင့်ရှောက်ခံယူရန် အသိတရား မရှိမှု၊ သွားလာရေးခရီးစရိတ်မလုံလောက်မှု

# ဘာကြောင့်မိခင်များသေဆုံးလဲ ?

**သေဆုံးသည့်အရေအတွက်ကိုသာမက သေဆုံးရသည့် အခြေခံအ ကြောင်းအရင်းများ ကို သိနားလည်ခြင်း သည် မိခင်များ နောက်ထပ် သေဆုံးမှု ကို လျော့ချရန်အလွန်ပင်အရေးကြီးသော အချက်ဖြစ်သည်။**








WHO/R. Kaci

**Who decides about women's health?**



WHO/R. Kaci

Are there administrative barriers to health care?



What are the local barriers to health care?

WHO/H. Kaci

# သင်ခန်းစာ (၃)

## အခန်း (၉)

## မိခင်သေဆုံးမှု ကို ဖြစ်ပွားစေသော နှောင့်နှေးခြင်း အကြောင်းတရားများ။

# Learning Objectives

သင်ခန်းစာ ပြီးဆုံးပါက သင်တန်းသားတိုင်းသည် –

- မိခင်သေဆုံးရသည့် – **အဓိကအကြောင်းအရင်း ၊ နှောင့်နှေးခြင်း၏ အကြောင်းတရားများ** ကို ကွဲကွဲပြားပြား **ရှင်းလင်းစွာ သိသွားစေရန်** ။
- **နှောင့်နှေးခြင်း (၃) မျိုးကို ဖြစ်ပေါ်စေသော အုပ်စုများ**အလိုက် သတ်သတ်မှတ်မှတ် နားလည်စေရန်။
- မိခင်သေဆုံးမှုဆိုင်ရာ စောင့်ကြပ်ကြည့်ရှုတုံ့ပြန်ဆောင်ရွက်ခြင်းစနစ် MDSR နှင့် မြို့နယ်အဆင့် လုပ်ရှား ဆောင်ရွက်နေပုံများ၏ **ဆက်နွယ်နေပုံများ**ကို ရှာဖွေ ဖော်ထုတ် တတ်စေရန်။

World Health Organization Myanmar · MINISTRY OF HEALTH AND SPORTS · ESSENTIAL HEALTH PROJECT (USAID, jhpiego, pact, koekoe tech, psi, THINK WELL) · UNFPA

# Determinants of Maternal Deaths

- **မိခင်သေဆုံးခြင်းအကြောင်းရင်းများ** (causes) ဆိုသည်မှာ – ဆေးပညာရှုထောင့် အရ မိခင်ကို ချက်ချင်းသေဆုံးစေနိုင်သော အကြောင်းအရင်းဖြစ်ပါသည်။
- **တိုက်ရိုက်** နှင့် **တိုက်ရိုက်မဟုတ်သော အကြောင်းရင်းများ** ကြောင့် မိခင် သေဆုံးခြင်းဟု ခွဲခြားထားပါသည်။
- **နှောင့်နှေးခြင်း အကြောင်းတရားများ (Determinants)** ဆိုသည်မှာ မိခင်သေဆုံးခြင်း အကြောင်းရင်း ကို ဖြစ်ပေါ်စေသော အကြောင်းတရားများ (causes of causes) တနည်းအားဖြင့် မိခင်သေဆုံးရခြင်း အကြောင်းရင်းဖြစ်ပေါ်မှု ကို ပိုမိုဆိုးရွားသွားစေသော အန္တရာယ်ကြီးမားစေသော အချက်များဖြစ်ပါသည်။

# Exercise 1: Brainstorming



လေ့ကျင့်ခန်း (၁) မိမိကိုယ်ပိုင်ဉာဏ်စွမ်းရှိသရွေ့နှင့် (၅) မိနစ်အတွင်း အဖြေရှာပါ။

- မေး (၁) မြန်မာနိုင်ငံတွင် မီးဖွားနေစဉ် (သို့) မီးဖွားပြီးပြီးခြင်း အခိက အဖြစ်များဆုံးသော မိခင်သေဆုံးရခြင်း အကြောင်းရင်း (၃) ခု မှ (၅) ခု ထိ ဖော်ပြပါ။
- မေး – ထိုအကြောင်းတခုခြင်း ကို ဖြစ်ပေါ်စေသော နှောင့်နှေးခြင်း အကြောင်း တရားများကို ဆွေးနွေးဖြေဆိုပါ။

World Health Organization Myanmar

ESSENTIAL HEALTH PROJECT

# မိခင်သေဆုံးမှု ကို အများဆုံး ဖြစ်ပေါ်စေတတ်သော နှောင့်နှေးခြင်းအကြောင်းတရားများ

- မိသားစု စီမံကိန်း အသုံးပြုရန်အားနည်းခြင်း နှင့် ကိုယ်ဝန်ဖျက်ချခြင်း ကို ခွင့်မပြုထားခြင်း၊
- ကိုယ်ဝန်ဆောင်စောင့်ရှောက်မှု ကို အသုံးပြုမှု အားနည်းခြင်း၊
- မီးဖွားစဉ် ကျွမ်းကျင်သော သားဖွားအတတ်ပညာရှင် မရှိခြင်း၊
- ခရီးသွားလာရေး ခက်ခဲခြင်း၊ အရေးပေါ်ညွှန်းပို့ပါက သွားလာရန် ယာဉ်ရထား အခက်အခဲရှိခြင်း၊
- ကျန်းမာရေးဝန်ထမ်း နှင့် ဆေးဝါး ဆေးပစ္စည်း ကိရိယာမလုံလောက်ခြင်း၊
- လူနေမှု အဆင့်အတန်း နိမ့်ကျလွန်းခြင်း၊

# DELAY 1:

## နှောင့်နှေးခြင်း (၁) – ကျန်းမာရေးစောင့်ရှောက်မှုခံယူရန် ဆုံးဖြတ်ချက်ချရာတွင် နှောင့်နှေးခြင်း



- အသိဉာဏ်ပညာ နည်းပါးခြင်း
- အားကိုး အားထားရသော မိသားစု ဝင် မရှိခြင်း
- ကျန်းမာရေးဝန်ဆောင်မှု များအပေါ် ယုံကြည်မှု နည်းခြင်း (သို့) အကျွမ်းတဝင် မရှိခြင်း
- ပညာ၊ လူနေမှု စီးပွားရေး အဆင့်အတန်း အခြေအနေ၊ အမျိုးသမီး လွှမ်းမိုးနိုင်မှု အားနည်းခြင်း

ESSENTIAL HEALTH PROJECT

## DELAY 2:

## နှောင့်နှေးခြင်း (၂) – ကျန်းမာရေး စောင့်ရှောက်မှု ပေးနေသော နေရာသို့ ရောက်ရှိရန် နှောင့်နှေးခြင်း



- ခရီးသွားလာရန် ယာဉ်၊ ကား၊ လှေ၊ လှည်း မရှိခြင်း
- ခရီးစရိတ် အကုန်အကျများလွန်းခြင်း
- ဆေးရုံနှင့် အလှမ်းဝေးကွာ လွန်းခြင်း
- အဖော်လိုက်ပါမည့် အမျိုးသမီးအတွက် ကုန်ကျစရိတ် လိုအပ်ခြင်း
- ဝန်ဆောင်မှု အတွက် ကုန်ကျစရိတ် များ မတတ်နိုင်ခြင်း
- ဆေးရုံအချင်းချင်း ညွှန်းပို့သော စနစ် အားနည်းခြင်း
- အရေးပေါ်သားဖွားပြုစုစောင့်ရှောက်မှု အလုံအလောက် မရှိခြင်း(သို့) အညီအမျှမရှိခြင်း

World Health Organization Myanmar

ESSENTIAL HEALTH PROJECT

UNFPA

# DELAY 3:

## နှောင့်နှေးခြင်း (၃) – ကျန်းမာရေးစောင့်ရှောက်မှု အချိန်မှီရရှိရန် နှောင့်နှေးခြင်း



- ကျန်းမာရေးဝန်ထမ်း မလုံလောက်ခြင်း
- ဆေးဝါး ပစ္စည်း ကိရိယာ သွေး အလုံအလောက် မရှိခြင်း
- ရောက်ရှိချိန် နှင့် ဆေးကုသမှု (သို့) ခွဲစိတ်မှု

  စတင်ချိန်အကြားအချိန်ကြန့်ကြာနေခြင်း

World Health Organization Myanmar

ESSENTIAL HEALTH PROJECT

UNFPA

Women's autonomy

General RH

Education

Delay 1
- Individual & Family determinants

Delay 2
- Community determinants

Delay 3
- Health system determinants

Policies

Laws

Cultural norms

World Health Organization Myanmar

MINISTRY OF HEALTH AND SPORTS

ESSENTIAL HEALTH PROJECT

USAID

jhpiego

pact

koekoetech

psi

THINK WELL

UNFPA

# အဖွဲ့လိုက်လေ့ကျင့်မှု



- သင်တန်းသား (၅) ဦးမှ (၆) ဦး ထိပါသောအုပ်စု အဖွဲ့ ငယ်များ ဖွဲ့၍ တစ်အုပ်စု လျှင် နှောင့်နှေးခြင်း တစ်မျိုးတာဝန်ပေးအပ်ပါ။ ထိုနှောင့်နှေးခြင်း တစ်မျိုးစီ ကို မြန်မာနိုင်ငံတွင် အများဆုံး ဖြစ်တတ်သော အကြောင်းအချက်အလက်များ ကို ဖော်ပြပြီး၊ ထို အကြောင်းတရားများ ကို ရှာဖွေဖော်ထုတ်နိုင်မည့် လျှော့ကျသွားအောင် ဆောင်ရွက်နိုင်မည့် မဟာဗျူဟာ (သို့) နည်းလမ်း အနည်းဆုံး (၃) ခု ကို ဖော်ပြပါ။

# သင်ခန်းစာ (၄)

## MDSR Mechanism in Myanmar

## ပုံ (၂) မြို့နယ်အဆင့်မိခင်သေဆုံးမှုဆိုင်ရာစောင့်ကြပ်ကြည့်ရှုတုံ့ပြန်ဆောင်ရွက်ခြင်း

## လုပ်ထုံးလုပ်နည်း နည်းလမ်း။




- မိခင်သေဆုံးမှု ဆိုရာတွင် မိခင်သေဆုံးမှုဖြစ်နိုင်ခြေ ရှိသော သေဆုံးမှု အားလုံးကို(၂၄)နာရီအတွင်း သတင်းပို့ ရပါမည်။
- တိုင်းဒေသကြီးနှင့်ပြည်နယ် MDSR အဖွဲ့သည်သတင်းပို့ မှုတိုင်းကို ကျေးဇူး တင်လွှာ ပေးပို့ခြင်းနှင့် သေဆုံးမိခင်၏ ရပ်/ကျေး အထောက်အထားများ ပြန်လည် တောင်းခံ ရပါမည်။
- ရပ်/ကျေး မိခင်သေဆုံးမှု သည် ဆေးရုံမှတောင်းဆင်းလာပြီး သေဆုံးခြင်း (Signed & Left) ဖြစ်ပါက ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် MDSR အဖွဲ့ မှ **ဆေးရုံအဖွဲ့သို့** ဆေးရုံ၌ မိခင်သေဆုံးမှု မေးမြန်းစုံစမ်း ထားမှုကိုတောင်းရပါမည်။
- ဆေးရုံ၌ မိခင်သေဆုံးမှု တို့ကို တိုင်းဒေသကြီးနှင့် ပြည်နယ် MDSR အဖွဲ့ သို့ သတင်းပို့ လာ ပါကလည်း သေဆုံးမိခင် နေထိုင်သော မြို့နယ်**MDSR**အဖွဲ့သို့ ရပ်/ကျေး မိခင်သေဆုံးမှုမေးမြန်းစုံစမ်းသောပုံစံ (က)ကိုတောင်းရပါမည်။

# The Level of Review Process



# မြို့နယ်အဆင့် ရပ်ကွက်/ကျေးရွာအတွင်း မိခင်သေဆုံးမှုဆိုင်ရာ စောင့်ကြပ်ကြည့်ရှုတုံ့ပြန်ဆောင်ရွက်သော အဖွဲ့

# မြို့နယ်အဆင့် ရပ်ကွက်/ကျေးရွာအတွင်း မိခင်သေဆုံးမှုဆိုင်ရာ စောင့်ကြပ်ကြည့်ရှု တုံ့ပြန်ဆောင်ရွက်သော အဖွဲ့

၁။ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး – အဖွဲ့ခေါင်းဆောင်

၂။ မြို့နယ်ကျန်းမာရေးအရာရှိ /မိခင်ကလေးဆရာဝန် / – အတွင်းရေးမှူး

၃။ တိုက်နယ်ဆရာဝန် / မြို့နယ်သူနာပြုဆရာမကြီး – အဖွဲ့ဝင်

၄။ ကျန်းမာရေးမှူး / အမျိုးသမီး ကျန်းမာရေးဆရာမ – အဖွဲ့ဝင်

၅။ သားဖွားဆရာမ (ကျေးလက်ကျန်းမာရေးဌာန/ဌာနခွဲ) – အဖွဲ့ဝင်

# လုပ်ငန်းတာဝန်များ

1. မိခင်သေဆုံးပြီးနောက် (၇) ရက် မှ (၁၄) ရက်အတွင်း မိခင်သေဆုံးမှု ဖြစ်သော နေအိမ်သို့ သွားရောက်ပြီး မိခင်သေဆုံးရသော အကြောင်းအရင်းအချက်အလက်များကို နှုတ်ဖြင့်သွားရောက်၍ စစ်ဆေးမေးမြန်းဖော်ထုတ်ရပါမည်။
2. ရပ်ကွက်/ကျေးရွာ အတွင်း မိခင်သေဆုံးမှုမေးမြန်းစုံစမ်းသော ပုံစံ (က) ကိုဖြည့်စွက်ရပါမည်။
3. ထိုဖြည့်စွက်ထားသော ပုံစံ(က) ကို ရပ်ကွက်၊ ကျေးရွာအတွင်းရှိ သေဆုံးသူ မိခင်၏ ကိုယ်ဝန်စောင့်ရှောက်မှု မှတ်တမ်းအပါအဝင်၊ ဆေးရုံတက်/ဆင်းခြင်း၊ ရောဂါရှာဖွေခြင်း၊ ဆေးကုသခံယူခဲ့ပုံအဆင့်အဆင့် စသော အထောက်အထား အပြည့်အစုံနှင့် သက်ဆိုင်ရာ တိုင်းနှင့်ပြည်နယ် MDSR အဖွဲ့ကို မိခင်သေဆုံးသည်မှ (၂၁) ရက်အတွင်း ပေးပို့ရပါမည်။
4. မိခင်သေဆုံးမှုဆိုင်ရာ စောင့်ကြပ်ကြည့်ရှု တုန့်ပြန်မှု ကို ဆန်းစစ်သော အစည်းအဝေး ကိုလည်း လစဉ်ဆောင်ရွက်ရပါမည်။

World Health Organization Myanmar

ESSENTIAL HEALTH PROJECT

UNFPA

# လုပ်ငန်းတာဝန်များ

5. ဒေသတွင်း လိုအပ်သော လစ်ဟာခြင်းများ နှောင့်နှေးခြင်းများ ကို ဒေသတွင်း သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာ တာဝန်ရှိလူကြီးများနှင့်အတူ ချက်ချင်း တုံ့ပြန်ဆောင်ရွက်နိုင်အောင် ပံ့ပိုးလုပ်ဆောင်ပေးရပါမည်။

6. သက်ဆိုင်ရာ တိုင်းနှင့်ပြည်နယ် MDSR အဖွဲ့ နှင့် နိုင်ငံတော်MDSR အဖွဲ့မှ အကြံပြုသော ထပ်ဆောင်းတုံ့ပြန်ဆောင်ရွက်မှုများကို လည်း အကောင်အထည်ဖော်ရပါမည်။

7. လစဉ်သေဆုံးမှု မရှိပါကလည်း မရှိကြောင်း သတင်းပို့ခြင်း (zero reporting) ကို သက်ဆိုင်ရာ တိုင်းနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန နှင့် မိခင်နှင့်မျိုးဆက်ပွားကျန်းမာရေးဌာနခွဲ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနသို့ လစဉ်ပေးပို့ရပါမည်။

# သင်ခန်းစာ (၅)

## အခန်း(၅)

## မိခင်သေဆုံးမှု ကို ဖော်ထုတ်ခြင်း နှင့် သတင်းပို့ခြင်း

World Health Organization Myanmar

MINISTRY OF HEALTH AND SPORTS

ESSENTIAL HEALTH PROJECT

USAID jhpiego pact koekoetech psi THINKWELL

UNFPA

# သင်ခန်းစာ ပြီးဆုံးပါက သင်တန်းသားတိုင်းသည် –

- မိခင်သေဆုံးရသည့် အဓိကအကြောင်းအရင်းကို **အိုင်စီဒီကုဒ် – ၁၀** (ICD-10) ကို အသုံးချ၍ သတ်မှတ်နိုင်စေရန်
- မိခင်သေဆုံးမှု ကို အကြောင်းကြားသည့် ဖြည့်စွက်ပုံစံများကို သိရှိနားလည်စေရန်
- မိခင် သေဆုံးမှု မရှိကြောင်း သတင်းပို့ခြင်း ကို သိရှိနားလည် ပြီး မည်ကဲ့သို့ သတင်းပို့ဆောင်ရွက်ရမည် ကို နားလည်စေရန်

မိခင်သေဆုံးမှု ကို မှန်ကန်စွာ ဖော်ထုတ်ခြင်း နှင့် အကြောင်းကြားခြင်း သည်

MDSR လုပ်ငန်း၏ အရေးကြီးသော အစိတ်အပိုင်း တစ်ရပ်ဖြစ်သည်။





**မိခင်သေဆုံးခြင်း** ဆိုသည်မှာအဘယ်နည်း။

ပြီးခဲ့သော သင်ခန်းစာ ကို ပြန်စဉ်းစား ပြီး ဖြေဆိုနိုင်ပါသလား။

## မိခင်သေဆုံးခြင်း ( Maternal Death)

အမျိုးသမီးတစ်ဦးသည် **ကိုယ်ဝန်ဆောင်နေစဉ် (သို့မဟုတ်) မီးဖွားသည့်မှ ၄၂ ရက်အတွင်း မည်သည့် သေဆုံးမှုမျိုး** ကို မဆို (ကိုယ်ဝန်သက်မည်မျှပင်ဖြစ်စေ ၊ ကိုယ်ဝန်တည်ရာ မည်သည့်နေရာတွင် မဆို) မိခင်သေဆုံးခြင်း ဟုခေါ်သည်။ **ကိုယ်ဝန်ဆောင်ခြင်းနှင့် ဆက်စပ်သော အကြောင်းတရားကြောင့် ဖြစ်စေ၊ ကိုယ်ဝန်ကြောင့် ပိုမိုဆိုးရွားလာရသော အကြောင်းတရားကြောင့်ဖြစ်စေ၊ ကိုယ်ဝန်အတွက် လိုအပ်သော ကုသမှုခံယူခြင်းကြောင့်** ဖြစ်စေ ထိုသို့ သေဆုံးမှုမျိုးကို မိခင်သေဆုံးခြင်း ဟု အဓိပ္ပါယ်ဖွင့်ဆိုပါမည်။ သို့သော် ထိုသေဆုံးမှုတွင် **ထိခိုက်ဒဏ်ရာရ၍ သေဆုံးခြင်းမျိုး (သို့မဟုတ်) မတော်တဆဖြစ်ပွားမှုကြောင့်** သေဆုံးခြင်းမျိုးများ မပါဝင်ပါ။

World Health Organization Myanmar | Ministry of Health and Sports | ESSENTIAL HEALTH PROJECT: USAID, jhpiego, pact, koekoe tech, psi, THINK WELL | UNFPA



မိခင်သေဆုံးစေသော အကြောင်းအရင်းများ ကို ဖော်ပြပါ။

ပြီးခဲ့သော သင်ခန်းစာ ကို ပြန်စဉ်းစား ပြီး ဖြေဆိုနိုင်ပါသလား။

## Direct Obstetric Death (ကိုယ်ဝန်ဆောင်ခြင်းနှင့် တိုက်ရိုက်သက်ဆိုင်သော မိခင်သေဆုံးခြင်း)

ဤသေဆုံးမှုမျိုးသည် ကိုယ်ဝန်ဆောင်စဉ်၊ မီးဖွားစဉ်၊ မီးတွင်းကာလအတွင်း တချိန်ချိန်တွင် သားဖွားခြင်း ကိုယ်ဝန်ဆောင်ခြင်းနှင့် သက်ဆိုင်သောရောဂါများ (Obstetric Complications) ကြောင့်လည်းကောင်း၊ ကုသခြင်း တစုံတရာ (Interventions)ကြောင့် လည်းကောင်း၊ ဂရုမပြုမိဘဲ ဆောင်ရွက်ရန် ကျန်နေခဲ့ခြင်းများ (Omissions)ကြောင့် လည်ကောင်း၊ မမှန်မကန်သော ကုသမှုများ (Incorrect Treatment) ကြောင့်လည်းကောင်း၊ (သို့မဟုတ်) အထက်တွင် ဖော်ပြခဲ့သော အကြောင်းအရာ တစ်ခုထက်ပိုသော အကြောင်းတရားဆက်စပ်မှုများ ကြောင့် လည်းကောင်း သေဆုံးခြင်းမျိုးကို ခေါ်ပါသည်။

(ဥပမာ – မီးမဖွားမီ(သို့မဟုတ်) မီးဖွားပြီး သွေးသွန်ခြင်း၊ ကိုယ်ဝန်ကြောင့် ဖြစ်ပွားသော သွေးတိုးရောဂါ၊ ကိုယ်ဝန်ဆိပ်တက်ရောဂါ၊ ကိုယ်ဝန်ဆောင်စဥ် ပိုးဝင်ခြင်း၊ မွေးဖွားရန် ကြန့်ကြာခြင်း (Obstructed Labour) နှင့် သားအိမ်ပျက်သားလျှောခြင်း)

ESSENTIAL HEALTH PROJECT

## Indirect Obstetric Death (ကိုယ်ဝန်ဆောင်ခြင်းနှင့် တိုက်ရိုက်မသက်ဆိုင်သော မိခင်သေဆုံးခြင်း)

ဤသေဆုံးမှုမျိုးသည် ယခင် ကိုယ်ဝန်မဆောင်ခင် ရှိခဲ့သော ရောဂါ (pre-existing disease) (သို့မဟုတ်) ကိုယ်ဝန်ဆောင်စဉ်တွင် ဖြစ်ပွားလာသောရောဂါ နှင့် ထိုရောဂါအခြေအနေသည် ကိုယ်ဝန်၏ ဇီဝကမ္မ ဖြစ်စဉ်ကြောင့် ပိုမိုဆိုးရွားနိုင်သော အကြောင်းတရားများ ရှိနိုင်သော်လည်း ကိုယ်ဝန်ဆောင်ခြင်း၊ မီးဖွားခြင်းတို့နှင့် လုံးဝတိုက်ရိုက်သက်ဆိုင်ခြင်းမရှိဘဲ သေဆုံးခြင်းမျိုး ဖြစ်ပါသည်။ (ဥပမာ-ဆေးပညာ နှင့် ဆက်စပ်သောရောဂါများ - သွေးအားနည်းခြင်း၊ နှလုံးရောဂါ၊ ရင်ကြပ်ရောဂါ ၊ ပိုးဝင်သော ရောဂါတစ်မျိုးမျိုး - ခုခံအားကျဆင်းသော HIV ရောဂါ၊ တီဘီ၊ အဆုတ်ရောင်ရောဂါ (Pneumonia) နှင့် ငှက်ဖျားရောဂါများ)

## မီးဖွားပြီး (၄၂) ရက် နောက်ပိုင်း မှ မိခင်သေဆုံးခြင်း
## (Late Maternal Death)

မီးဖွားပြီး (၄၂) ရက်နောက်ပိုင်း မှ မိခင်သေဆုံးခြင်း ဆိုသည်မှာ အမျိုးသမီးတစ်ဦးသည် ကိုယ်ဝန်ဆောင်စဉ် (သို့မဟုတ်) မီးဖွားစဉ်မှ မီးဖွားပြီး (သို့မဟုတ်) ကိုယ်ဝန်ဆက်လက်ဆောင်ခြင်းမရှိတော့သည့်နောက်ပိုင်း ၄၂ ရက်မှ တစ်နှစ်အတွင်း သေဆုံးမှုမျိုးကို ဆိုလိုပါသည်။

# ကိုယ်ဝန်နှင့် ဆက်နွှယ်သော မိခင်သေဆုံးခြင်း

## ( Pregnancy related Death)

မိခင်တစ်ဦးသည် ကိုယ်ဝန်ဆောင်စဉ် (သို့မဟုတ်) မီးဖွားစဉ် (သို့မဟုတ်) မီးဖွားပြီး (၄၂) ရက် အတွင်း မည်သည့် အကြောင်းကြောင့် သေဆုံးမှုမျိုးကိုမဆို ကိုယ်ဝန်နှင့် ဆက်နွှယ်သော မိခင်သေဆုံးမှုဟု ခေါ်ဆိုပါသည်။ (ထိုသေဆုံးမှုတွင် ထိခိုက်ဒဏ်ရာရ၍ သေဆုံးခြင်းမျိုး(သို့မဟုတ်) မတော်တဆ ဖြစ်ပွားမှုကြောင့် သေဆုံးခြင်း မျိုးများ ပါဝင်ပါသည်)

## မိခင်သေဆုံးမှု ကို အကြောင်းကြားခြင်း -

အသက် ၁၅ နှစ်မှ ၄၉ နှစ်အတွင်းရှိ မည်သည့် အမျိုးသမီးမဆို ကိုယ်ဝန်ဆောင်စဉ်၊ မီးဖွားစဉ်၊

မီးဖွားပြီး(၄၂) ရက်အတွင်း သေဆုံးပါက မည်သည့်အကြောင်းကြောင့်ဖြစ်စေအကြောင်းကြားရပါမည်။

# မိခင်များသည် မည်သည့်နေရာများတွင် သေဆုံးကြပါသနည်း။

# မိခင်သေဆုံးမှု ကို မည်သူများက ဖော်ထုတ်ကြပါသနည်း။

## Maternal Death in Community

Communities

- CHW
- MW
- HA
- PHS I&II
- LHV
- THN
- Community leaders

## Maternal Death in Hospital

- Emergency Unit
- Maternity Ward
- ICU/HDU
- Surgical Ward
- Medical Ward
- Other wards

Medical Officer

# Probable Maternal Death
# ဖြစ်နိုင်ချေရှိသော မိခင်သေဆုံးမှုများ

- မျိုးဆက်ပွားအရွယ် မည်သည့် အမျိုးသမီးမဆို အကြောင်းတိုက်ဆိုင်၍ဖြစ်စေ ထိခိုက်ဒဏ်ရာရရှိ၍ဖြစ်စေ သေဆုံးခဲ့သည်ဟု သေချာစွာ မသတ်မှတ်နိုင်လျှင် "ဖြစ်နိုင်ချေရှိသော မိခင်သေဆုံးမှု" ဟု ယူဆ၍ မိခင်သေဆုံးမှုဆိုင်ရာ စောင့်ကြပ်ကြည့်ရှုတုံ့ပြန်မှု အဖွဲ့ သို့ အကြောင်းကြား၍ မိခင်သေဆုံးမှု ကို ခွဲခြမ်းစိတ်ဖြာသုံးသပ်ရမည်။
- ထိုမှတဆင့် မိခင်သေဆုံးမှု အမှန်တကယ် ဟုတ်မဟုတ်ကို ဆက်လက်၍ ဖော်ထုတ်နိုင်မည် ဖြစ်သည်။

# မိခင်သေဆုံးမှု ကို ဖော်ထုတ်ရာတွင် ထည့်သွင်း စဉ်းစားသင့်သောအချက်များ

- မိခင်သေဆုံးခြင်း အဓိပ္ပါယ်ဖွင့်ဆိုချက်အမျိုးမျိုး၏ ရှုပ်ထွေးမှု ရှိနိုင်ခြင်း
- မွေးကင်းစနှင့် ငါးနှစ်အောက် ကလေးများ သေဆုံးခြင်း ကဲ့သို့ အသက်အရွယ်အရ သေဆုံးမှု ကို သတ်မှတ်ထားမှု မရှိခြင်း
- တချိန်တည်းတွင် အကြောင်းတရားများစွာကြောင့် မိခင်သေဆုံးနိုင်ခြင်း၊ (တိုက်ရိုက်သက်ဆိုင်သော (သို့မဟုတ်) တိုက်ရိုက်မသက်ဆိုင်သော မိခင်သေဆုံးခြင်း အကြောင်းတရားများ၊ လူမှုရေး အကြောင်းအခြင်းရာများရှိနိုင်ခြင်း
- ကိုယ်ဝန်ဆောင်စဉ်၊ မီးဖွားစဉ် နှင့် မီးတွင်းကာလ ဖြစ်စဉ်များ

# Notification Pathway in Myanmar



# Monthly Zero Reporting

## လစဉ်အလိုက် သေဆုံးသူမရှိကြောင်းသတင်းပို့ခြင်း

- သတ်မှတ်ထားသော ဖြည့်စွက် ပုံစံများတွင် အချက်အလက်များ အားလုံးကို အပိုအလိုမရှိ ဖြည့်စွက်ပြီး အချိန်မီ ပေးပို့ခြင်း၊ အကယ်၍ မိခင်တစ်ဦးမှ္မ **သေဆုံးခြင်း မရှိပါကလည်း မရှိကြောင်း** သတင်းပို့ခြင်း ကို ခေါ်ပါသည်။ ဤသို့ လုံးဝမရှိသည် ကို သတင်းပို့ခြင်း အလေ့အကျင့်သည် မိခင်သေဆုံးမှုကို အစဉ်ဝိရိယပို၍ သတိထားလေ့ကျင့်ပေးမှု အကျင့်ကောင်းတစ်ခု ပြုနေခြင်း ဖြစ်ပါသည်။

World Health Organization Myanmar

ESSENTIAL HEALTH PROJECT

UNFPA

# Notification Forms

Community Notification Form(Form 1)

Form 2

# အဖွဲ့လိုက်လေ့ကျင့်မှု – ဖြစ်စဉ်

၁။ ကိုယ်ဝန်ဆောင် မိခင်မဖြူ ၏ အိမ်နီးချင်းမှ သားဖွားဆရာမထံသို့ သတင်းပေးပို့ချက်

အရ မဖြူသည် ရက်အတော်ကြာ အဖျားကြီးကာ နေမကောင်းဖြစ်နေပြီးနောက်

လွန်ခဲ့သော တစ်ပါတ်က သေဆုံးသွားပါသည်။

# အဖွဲ့လိုက်လေ့ကျင့်မှု – ဖြစ်စဉ်

၂။ သင်္ချိုင်းဝန်ထမ်း တစ်ဦး၏ သတင်းပေးပို့ချက်အရ သူသည် အနီးအနားရှိရွာမှ မနီ အမည်ရသော အသက်(၃၀) အရွယ်  မိခင်တစ်ဦးကို သောကြာနေ့က သင်္ဂြိုလ် ပေးခဲ့ရသည်။

# အဖွဲ့လိုက်လေ့ကျင့်မှု – ဖြစ်စဉ်

၃။ခင်းပွန်းသည်၏  သတင်းပေးပို့ချက်အရ – မဖြူသည် ရာသီထိန်နေသည်မှာ (၃)လ ကျော်သွားပြီဖြစ်သည်။ ၄င်းတို့ (၂) ယောက်တွင် ကလေး(၆)ယောက်ရှိပြီးဖြစ်၍ သန္ဓေတားရန် ထိုးဆေး ကို သုံးစွဲနေပါသည်။ သူမသည် အော့အန်၍ (၆)ရက်ကြာမျှ သွေးဆင်းပြီးနောက်၊ မနေ့ညက အိပ်နေစဉ်ပင် သေဆုံးသွားခဲ့ပါသည်။

# အဖွဲ့လိုက်လေ့ကျင့်မှု – ဖြစ်စဉ်

၄။သင်သည် မနေ့ညက မနီတို့အိမ်တွင် မတော်တဆမှု ဖြစ်ပွားကြောင်း ကြားသိခဲ့ရပါသည်။ မနီသည် မီးလောင်ကျွမ်း ၍ သေဆုံးသွားခဲ့ပြီး သူမ၏ မိခင်နှင့် ညီမ (၂) ယောက်လည်း မီးခိုးမွန်၍ မွန်းကြပ်သွားခဲ့သည်။

# အနှစ်ချုပ်များ

- မျိုးဆက်ပွားနိုင်သည့် အရွယ်ရှိ အမျိုးသမီးသေဆုံးမှုများအားလုံး ကို ရပ်ကွက်ကျေးရွာအတွင်း ဖြစ်ပွားပါက သက်ဆိုင်ရာ မြို့နယ် MDSR အဖွဲ့သို့ အကြောင်းကြားရပါမည်။
- သားဖွားဆရာမများအားလုံးသည် သက်ဆိုင်ရာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး သို့ သေဆုံးမှုတိုင်းကို သတင်းပို့ရန် တာဝန်ရှိပါသည်။ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ထံတွင် သေဆုံးမှု အမျိုးအစားခွဲ ခြမ်းစိတ်ဖြာပြီး သက်ဆိုင်ရာ သေဆုံးသူမိသားစုထံ သွားရောက်၍ နှုတ်ဖြင့် စုံစမ်း စစ်ဆေးမှု များ ပြုလုပ်ပြီး သေဆုံးရခြင်း အကြောင်းရင်းများကို ဖော်ထုတ်ရပါမည်။

- MDSR အဖွဲ့များ၏ ညွှန်ကြားချက် အတိုင်း အကြောင်းကြားခြင်း ပုံစံ – ၁ ကို လက်တွေ့ အသုံးပြု အကြောင်းကြားရပါမည်။

World Health Organization Myanmar
ESSENTIAL HEALTH PROJECT
UNFPA

# အခန်း (၅) အနှစ်ချုပ်များ

- လူ့ဘောင်လောကအတွင်း နှောင့်နှေးခြင်း ဖြစ်စေသော အကြောင်းတရားများ (Social Determinants) သည် မိခင်သေဆုံးခြင်း အကြောင်းရင်း ကို ဖြစ်ပေါ်စေသော အကြောင်းတရားများ ဖြစ်ပြီး – နှောင့်နှေးခြင်းများသည် လူနေမှု အဆင့်အတန်းပေါ် တွင် အများဆုံး မူတည်သည်။
- မိခင်သေဆုံးမှု ဟု သတ်မှတ်ပြီးပါက၊ မြို့နယ်၊ ဆေးရုံ၊ တိုင်းနှင့်ပြည်နယ်၊ ဗဟိုအဆင့် အားလုံးတွင် ကုသရေးနှင့်ကျန်းမာရေး စောင့်ရှောက်မှု အပြင် အခြားလိုအပ်သော တုံ့ပြန်ဆောင်ရွက်မှုများ ပြုလုပ်ရန်လိုအပ်သည်။
- မိခင်သေဆုံးမှုဆိုင်ရာစောင့်ကြပ်ကြည့်ရှုတုံ့ပြန်ဆောင်ရွက်ခြင်းဖြင့် နှောင့်နှေးခြင်း (၃) ရပ်ကို ဖြစ်စေသော အကြောင်းအရင်းများကို မီးဖွားခြင်း နောက်ဆက်တွဲ ရှုတ်ထွေးမှုများ မှ စတင်၍ ထုတ်ဖော်နိုင်ပါမည်။
- ဗဟိုအဆင့် နှင့် တိုင်းနှင့် ပြည်နယ်အဆင့် MDSR အစည်းအဝေးများတွင် နှောင့်နှေးခြင်း (၃) ရပ်ကို ဖြစ်စေသော အကြောင်းအရင်းများထက်ပို၍ အရေးကြီးသော **ယဉ်ကျေးမှု ဆိုင်ရာ၊ လိင်ခွဲခြားမှု (ယောကျာ်း မိန်းမ ခွဲခြားဆက်ဆံမှု)** အကြောင်းတရားများကိုပါ ထည့်သွင်း စဥ်းစားဆင်ခြင်သင့်သည်။

World Health Organization Myanmar — Ministry of Health and Sports — Essential Health Project (USAID, jhpiego, pact, koekoe tech, psi, Think Well) — UNFPA

# ICD 10

- Please see ICD 10 handouts

# သင်ခန်းစာ (၆)

## အခန်း (၆) ရပ်ကွက်/ကျေးရွာအတွင်း မိခင်သေဆုံးမှုအား မြို့နယ်MDSR အဖွဲ့မှစောင့်ကြပ်ကြည့်ရှုတုံ့ပြန်ဆောင်ရွက်ခြင်း

# သင်ခန်းစာ (၆–၅) ရပ်ကွက်/ကျေးရွာအတွင်း မိခင်သေဆုံးမှုကို စုံစမ်းမေးမြန်း ပုံအဆင့်ဆင့်

- **တာဝန်ယူမည့်သူ** –မိခင်မှတ်ပုံတင်ထားသောဒေသရှိ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး /ယာယီမြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး (သို့မဟုတ်) မိခင်နှင့်ကလေး ကျန်းမာရေးဆရာဝန်
- ၎င်း၏ နေရပ်မဟုတ်သော **အခြားမြို့နယ်တွင် သေဆုံးလျှင်** – ထိုဒေသရှိ မြို့နယ် MDSR အဖွဲ့ က စုံစမ်းစစ်ဆေးမေးမြန်းရမည်။ ၎င်းမေးမြန်းထားမှုများကို သက်ဆိုင်ရာမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ထံ သတင်းပို့ပေးရမည်။ သေဆုံးသူနေထိုင်သော ရပ်ကွက်/ကျေးရွာရှိ မြို့နယ်ကျန်းမာဦးစီးဌာနမှူး သည် တိုင်း/ ပြည်နယ် MDSR အဖွဲ့သို့ အချောသတ် နောက်ဆုံးသတင်း ပို့ရမည်။
- စုံစမ်း မေးမြန်းမှုကို **မိခင်သေဆုံးပြီး (၇) ရက်မှ (၁၄)** ရက်မြောက်နေ့အတွင်း အပြီးသတ် ပြုလုပ်ရပါမည်။
- မြို့နယ် MDSR အဖွဲ့သည် သက်ဆိုင်ရာ သားဖွားဆရာမရုံးကို သွားရောက်ပြီး သေဆုံးသူမိခင်နှင့်ဆိုင်သော အချက်အလက်များ၊ အထောက်အထားများကို စုံစမ်းမေးမြန်းရမည်။
- **အပြစ်တင်လိုခြင်း မဟုတ်စေရ။ ကျန်းမာရေးစနစ် ပိုမိုတိုးတတ်စေရန်**၊ တိကျသောအချက်အလက်များ ရရှိစေရန် ရည်ရွယ်ရမည်။

World Health Organization Myanmar | MINISTRY OF HEALTH AND SPORTS | ESSENTIAL HEALTH PROJECT (USAID, jhpiego, pact, koekoe tech, psi, THINK WELL) | UNFPA

# ရပ်ကွက်/ကျေးရွာအတွင်း မိခင်သေဆုံးမှုကို စုံစမ်းမေးမြန်း ပုံအဆင့်ဆင့်

- ရပ်ကွက်/ ကျေးရွာ တွင် **Verbal Autopsy ပြုလုပ်ရာတွင် လမ်းညွှန်ချက်အတိုင်း** အရေးပါသော အချက်အလက်များ ရရှိအောင် ဆောင်ရွက်ရပါမည်။
- **မေးမြန်းရမည့်သူများ – သေဆုံးသူမိခင် နေမကောင်းစဉ် (သို့) အိမ်၌ ဗိုက်နာ ရေဆင်းချိန်တွင် (သို့) အိမ်၌ မီးဖွားစဉ် ကနဦး စောင့်ရှောက်မှုပေးနေသူများ၊ မိခင်သေဆုံးချိန်တွင် အတူရှိနေသူများ နှင့် ခင်ပွန်း**
- TMO မှ အချက်အလက်များမကျန်အောင် မေးမြန်းရမည်၊ Death Certificate မိတ္တူ ကို ရယူရန် ၊ ရရှိလာသော အထောက်အထားစာရွက်များ မှတ်တမ်းများကို TMO ရုံးခန်း တွင် MDSR အစည်းအဝေး ပြီးသည်ထိ လုံခြုံစွာ သိမ်းဆည်း
- Township MDSR team သည် **MDSR အစည်းအဝေးကို လစဉ် မှန်မှန် ပြုလုပ်ပြီး** – အခြေခံအကြောင်းအရင်း ကို ယာယီဆုံးဖြတ် – AN care/ labour/ PN care နှင့် ဆိုင်သော အားနည်းချက် နှောင့်နှေးခြင်းများ ဖော်ထုတ် – ပြန်လည်သုံးသပ် – တိုင်း/ပြည်နယ်MDSR သို့ လုပ်ဆောင်သင့်သော ဆောင်ရွက်ချက်များ နှင့် ရှေ့ဆက်လုပ်ဆောင်သင့်သည့် အကြံပြုချက်များ သတင်းပို့
- Zero Reporting ကို တိုင်း/ပြည်နယ်ပြည်သူ့ကျန်းမာ၊ MRH division သို့ လစဉ် ပေးပို့ရမည်

World Health Organization Myanmar | MINISTRY OF HEALTH AND SPORTS | ESSENTIAL HEALTH PROJECT USAID jhpiego pact koekoe tech psi THINKWELL | UNFPA

# ကျန်းမာရေးစောင့်ရှောက်မှု ကုသပေးမှု အားနည်းချက်များအပေါ် တုံ့ပြန်ဆောင်ရွက်ခြင်း

- Township MDSR team သည် တွေ့ရှိသော **ကျန်းမာရေးစောင့်ရှောက်မှု လစ်ဟာချက်များ၊ ကုသပေးမှု နှောင့်နှေးခြင်းများ** ကို မိမိတို့ ရပ်ကွက်/ကျေးရွာ လူအဖွဲ့အစည်း ရှိ သက်ဆိုင်ရာ တာဝန်ရှိသူလူကြီးများ နှင့် ပူးပေါင်း၍ ချက်ချင်းတုံ့ပြန်
- State/region MDSR team ၏ **အကြံပြုချက်များ ထပ်မံဆောင်ရွက်ရမည်များ တုံ့ပြန်ဆောင်ရွက်ခြင်းများ** ကို အကောင်အထည်ဖော်
- သက်ဆိုင်ရာသားဖွားဆရာမ ကို **အသိပညာနှင့်ကျွမ်းကျင်မှု ပိုမိုကောင်းစေရန် LHV/THN/THO ၏ Supervision** အောက်တွင် သင့်တော်သော ကာလအထိ ထားရမည်။
- Field Investigation Form-A နှင့် တုံ့ပြန်ဆောင်ရွက်ချက်များ မှတ်တမ်းတင်ခြင်း သတင်းပို့ခြင်းများ ပြုလုပ်ရမည်။

World Health Organization Myanmar

ESSENTIAL HEALTH PROJECT

UNFPA

# Form A

- Field Maternal Death Investigation Form (Form A)

ပုံစံ (က)

ရပ်ကွက်/ ကျေးရွာအတွင်း မိခင်သေဆုံးမှု စစ်ဆေးမေးမြန်းခြင်းပုံစံ လျှို့ဝှက်

ဤပုံစံကိုမြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူးသည် မိခင်သေဆုံးသည့်အိမ်သို့ ကိုယ်တိုင်သွားရောက် စုံစမ်းမေးမြန်းပြီး ကုသမှုခံယူခဲ့သော အထောက်အထားများ အားလုံးနှင့် တကွ ပြန်လည်၍ ပေးပို့ရပါမည်။

ရရှိလာသောအချက်အလက်များအားလုံးကိုလျှို့ဝှက်ထားပါမည်။

ပထမပိုင်း

အပိုင်း (၁)သေဆုံးမိခင်၏အသေးစိတ်အချက်အလက်များ

၁ .၁ ။အမည်............................................. မှတ်ပုံတင်အမှတ်..............................................

၁ . ၂ ။အသက် (ပြည့်).............. နှစ် လူမျိုး............... ဘာသာ.........................

၁ . ၃ ။အမြဲတမ်းနေရပ်လိပ်စာ: အမှတ်. ............လမ်း. ..................... ရွာ/ရပ်ကွက်..............................

မြို့နယ်..................... ခရိုင်.......................ကျေးလက်/မြို့နယ်ကျန်းမာရေးဌာန.................

၁ . ၄ ။ယာယီနေရပ်လိပ်စာ: အမှတ်. ............လမ်း. ........................ ရွာ/ရပ်ကွက်...............................

မြို့နယ်......................................... ခရိုင်...........................

# Exercise ( form A)

- Case Scenario

# အခန်း(၁၀)

## မိခင်သေဆုံးမှုနှင့် ပတ်သတ်၍ နှုတ်ဖြင့်စုံစမ်းစစ်ဆေးမေးမြန်းခြင်း အတွက်လမ်းပုံစံ

# မိခင်သေဆုံးမှုနှင့်ပါတ်သက်၍ နှုတ်ဖြင့် စုံစမ်းစစ်ဆေးမေးမြန်ခြင်း ပြုလုပ်လျှင် လိုက်နာရမည့် အဆင့်များ

- ရပ်ကွက်/ကျေးရွာသို့သွားရောက်ရန်ကြိုတင်စီမံခြင်း (နှုတ်ဖြင့်စုံစမ်းမေးမြန်းခြင်းသည် ရက်လည်ပြီးကာလ မှသာဆောင်ရွက်သင့်သည်၊ သို့သော် သေဆုံးသူနှင့်ဆိုင်သော အဓိကအချက်များ မမေ့လျော့ခင် သွားသင့်သည် (မိခင်သေဆုံးပြီး (၃)ပတ်အတွင်း)
- မိခင်သေဆုံးသူရှိသော အိမ်ထောင်စု ကို ချဉ်းကပ်ခြင်း
- မိခင်သေဆုံးမှု ကို သေချာစွာရှင်းပြ နိုင်သူကို ရွေးချယ်မှတ်သားခြင်း
- မိသားစုထံမှ စုံစမ်းမေးမြန်းမှု မပြုမီ ကြိုတင်ရှင်းပြခွင့်တောင်းခြင်း
- နှုတ်ဖြင့် စစ်ဆေးမေးမြန်းခြင်း ကို ဆောင်ရွက်ခြင်း
- အချက်အလက်များ ကို သေချာစွာမှတ်သားခြင်း
- တိုင်း /ပြည်နယ် MDSR အဖွဲ့ကို ဆက်လက်တင်ပြခြင်း

# မိခင်သေဆုံးမှုနှင့်ပါတ်သက်၍ နှုတ်ဖြင့် စုံစမ်းစစ်ဆေးမေးမြန်ခြင်းပြုလုပ်ရာတွင် ကျင့်သုံးရမည့် အကောင်းဆုံးလက်တွေ့လုပ်ဆောင်ချက်များ

- လွယ်ကူသောချဉ်းကပ်မှု (Friendly Approach) –
- သေချာစွာလျှို့ဝှက်ထားခြင်း (Ensure Privacy)
- ဖြေးဖြေးနှင့် ရှင်းရှင်းလင်းလင်း ပြောကြားခြင်း (Speak slowly and clearly)
- အချက်အလက်များကို အတိအကျသက်သေနှင့်တကွဖော်ထုတ်ခြင်း (Probe)
- မည်သည့်အဖြေသည် အမှန်ဟု မပြောနိုင်၍ ဖြေကြားသူများသည် သူတို့သိသမျှကို သူတို့သိသလိုပြောကြားခွင့်ရှိခြင်း (No right answers)
- မှတ်စုရေးမှတ်ခြင်း( Take Notes)
- ဂရုတစိုက်နားထောင်ခြင်း (Pay attention)

# စုံစမ်းမေးမြန်းမည့်သူများအတွက် အထူးမှာကြားချက်

စုံစမ်းမေးမြန်းရန် သွားသူသည် မိမိကိုယ်ကို ဦးစွာမိတ်ဆက်ပြီး၊ လာရောက်မေးမြန်းရ သောအကြောင်းရင်း၊ ရည်ရွယ်ချက်များကို ပြောပြပါ။ ဤသို့ပြုခြင်းဖြင့် မေးမြန်းသူနှင့် ဖြေကြားရမည့်သူများအကြား အလွန်အရေးပါသော ရင်းနှီးမှုယုံကြည်မှုကို ဖြစ်ပေါ်စေပါ သည်။

**ထိုသို့ မိတ်ဆက်ရာတွင် -**

- မိမိတို့သည် ယခုစုံစမ်းမေးမြန်းခဲ့မှုများနှင့် ပါတ်သက်၍ ဆေးပညာအတွက် လိုအပ်ချက်မရှိပါပဲအမည်ထုတ်ဖော်ခြင်းမပြုပါ။ကိုယ်ရေးကိုယ်တာအတွင်းရေးကိစ္စများကို အထူးလျှို့ဝှက်ထားမည်ဖြစ်ကြောင်း ယုံကြည်ပါရန်၊ စုံစမ်းမေးမြန်းမှုကိုဖြေကြားသူများကိုလည်း မည်သည့်ဒုက္ခမှမရောက်စေရန် အာမခံကြောင်း ထည့်သွင်းပြောဆို မိတ်ဆက်ရပါမည်။

- ဖြေကြားသူများကို မိမိတို့သည် နောင်ကာလများတွင် ယခုကဲ့သို့သော မိခင်သေဆုံးမှုများ ထပ်မံမဖြစ်အောင် ကာကွယ်နိုင်ရန် လာရောက်နားထောင်ပြီး၊ အတွေ့အကြုံရရန် လာရောက်လေ့လာနေကြောင်း သိစေရပါမည်။

# စုံစမ်းမေးမြန်းမည့်သူများအတွက် အထူးမှာကြားချက်

## စုံစမ်းမေးမြန်းမည့်သူ၏ကိုယ်နေဟန်ထား

❖ **နားထောင်သော အလေ့အကျင့် (Listening Attitude) –**

ယခုကဲ့သို့ စုံစမ်းမေးမြန်းမှုတွင် အလွန်အရေးကြီးသော ကိုယ်နေဟန်ထား ဖြစ်ပါသည်။

❖ **မစီရင်၊ မဝေဖန်သော အပြုအမူ (Non-Judgemental Attitude) –**

မိခင်သေဆုံးသောဖြစ်စဉ်အမှန်ကို သိရရန် အလိုအပ်ဆုံးအချက်ဖြစ်သည်။ဖြေကြားသူကို သူ/သူမ၏ အတွေ့အကြုံ၊ သိရှိမှုကို သူတစ်ပါးအား အပြစ်ပုံမချဘဲ၊ပွင့်ပွင့်လင်းလင်း ပြောဆို ဆွေးနွေးလာရန် အားပေး/ဆွဲဆောင်ရပါမည်။ (မိမိ၏ စကားဖြင့်တုံ့ပြန်မှု (သို့မဟုတ်) စကားမပါဘဲ တုံ့ပြန်မှု၊ ကိုယ်ဟန်အမူအရာ၊ မျက်နှာအနေအထားတို့သည် ဖြေကြားသူအပေါ် လွှမ်းမိုး နိုင်၍ မိမိကိုယ်ကို သတိထားရပါမည်။)

❖ **ငြိမ်သက်တိတ်ဆိတ်သွားမှုကို သည်းခံခြင်း (Tolerate the Silence)-**

ယခု လာရောက်မေးမြန်းခြင်းသည် မိခင်သေဆုံးမှုနှင့်ပါတ်သက်၍ စုံစမ်းမေးမြန်းရခြင်း ဖြစ်သဖြင့်၊ ဖြေကြားသူများသည် ဝမ်းနည်းပူဆွေးသောကရောက်နေသောကြောင့် မိမိမေးမြန်းနေစဉ် တိတ်ဆိတ်ငြိမ်သက်သွားပါက မိမိတို့က စိတ်ရှည်ရှည် သည်းခံစောင့်ဆိုင်း ရပါမည်။

# စုံစမ်းမေးမြန်းမည့်သူများအတွက် အထူးမှာကြားချက်

**စုံစမ်းမေးမြန်းသူအတွက် အရေးကြီးသော ကျွမ်းကျင်မှု (၂)ရပ်**

- ❖ စိတ်ဝင်တစားနားထောင်တတ်ခြင်း (Active Listening)
- ❖ အကျိုးရှိသော မေးခွန်းများမေးတတ်ခြင်း (Good Questioning)

**<u>စိတ်ဝင်တစားနားထောင်တတ်ခြင်း</u>** - ဆိုရာတွင်သင်သည် မိခင်သေဆုံးထားသော အိမ်သို့မည်သည့် အကြောင်းများကြောင့် သေဆုံးခဲ့ရခြင်းကို ဖော်ထုတ်ပြီး၊ နောင်တွင် ထပ်မံ၍ ထိုသို့သော မိခင်သေဆုံးမှုများ မရှိစေရန် ရည်ရွယ်၍ သွားရောက် နားထောင် နေခြင်း ဖြစ်ပါသည်။ မိမိ၏ ယူဆချက်များ၊ ထင်မြင်ချက်များကို အတင်းအကျပ်ထည့်သွင်းပြောခြင်း မပြုရပါ။

# စုံစမ်းမေးမြန်းမည့်သူများအတွက် အထူးမှာကြားချက်

## အကျိုးရှိသော မေးခွန်းများမေးတတ်ခြင်း

- ❖ ကန့်သတ်ချက်မရှိသော (အဖွင့်) မေးခွန်း (Open-ended Question)
- ❖ အဖြေမှန်ထွက်လာနိုင်သော မေးခွန်း (မိမိလိုရာဆွဲမေးသော မေးခွန်းနှင့် မတူပါ)(Probing Question) (It is different from leading question)
- ❖ နားလည်လွယ်သော မေးခွန်း (Clarifying Question)

  မိမိသဘောအလျောက် ထင်မြင်ချက်/ ကောက်ချက်မဆွဲပါနှင့်။

  ရိုးရှင်းနားလည်လွယ်သော မေးခွန်းကိုမေးပါ။ ဖြေကြားသူ၏ အတွေးများကိုပြော၍ထွက်လာအောင် မည်သို့ ဆိုလိုသော မေးခွန်းဖြစ်ကြောင်း ရှင်းပြပြီး၊ ဖြေကြားပါစေ။

## နှုတ်ဖြင့်စေ့စေ့စပ်စပ်မေးမြန်းခြင်းလမ်းညွှန်ချက် (In depth Interview Guide)

မိခင်သေဆုံးမှုနှင့်ပတ်သက်၍ ဆွေးနွေးနိုင်အောင် လမ်းညွှန်ခြင်းသာဖြစ်ပါသည်။ ပုံစံချထားသော လူတွေ့စစ်မေးမှုမျိုးမဟုတ်ပါ။ဖြေကြားသူ၏ အဖြေပေါ်လိုက်၍ လိုအပ်ပါက စုံစမ်းမေးမြန်းသူသည် အဘယ်ကြောင့် မည်သို့၊ ဘာလဲတို့ဖြင့် အစရှိသော မေးခွန်းမျိုးများ ထုတ်ရန်လိုအပ်ပါသည်။

# IDI Guide - 1.1.

## ကိုယ်ဝန်ဆောင်စောင့်ရှောက်မှုရာဇဝင်

၁။ ယခုနောက်ဆုံးကိုယ်ဝန်အတွက် ကိုယ်ဝန်ဆောင်စောင့်ရှောက်မှု ယူခဲ့ဘူးပါသလား။

၂။ မည်သူနှင့် စောင့်ရှောက်မှု ခံယူခဲ့ပါသလဲ။ အဘယ်ကြောင့် ထိုသူနှင့် ကိုယ်ဝန်ဆောင် စောင့်ရှောက်မှု ယူခဲ့တာလဲ။ ပြောပြပါ။

၃။ ဘယ်နှစ်ကြိမ်ယူခဲ့သလဲ။

၄။ အကယ်၍ကိုယ်ဝန်ဆောင် စောင့်ရှောက်မှုလုံးဝမယူခဲ့ပါက အဘယ်ကြောင့် မယူခဲ့ပါသလဲ။

# IDI Guide - 1.2.

## မီးဖွားစဉ်စောင့်ရှောက်မှုရာဇဝင်

၁။ မီးဖွားစဉ်ကာလတွင် မိခင်သည် မည်သို့သော နေမကောင်းမှုမျိုး ခံစားခဲ့ရပါသလဲ။

၂။ ထိုရောဂါဝေဒနာအတွက်ဘာကိုပထမဆုံးဆောင်ရွက်ခဲ့ပါသလဲ။ကုသမှုခံယူခဲ့ပါသလား။

၃။ မည်သူနှင့် ကုသမှုခံယူခဲ့ပါသလဲ။ ဘာကြောင့်လဲ။

World Health Organization Myanmar

MINISTRY OF HEALTH AND SPORTS

ESSENTIAL HEALTH PROJECT
USAID jhpiego pact koekoetech psi THINK WELL

UNFPA

# IDI Guide - 1.3.

## မီးတွင်းစောင့်ရှောက်မှုရာဇဝင်

၁။ ယခုနောက်ဆုံးကိုယ်ဝန်အတွက် မိခင်သည် မီးတွင်းစောင့်ရှောက်မှု ခံယူခဲ့ပါသလား။

၂။ ဘယ်သူနှင့်ခံယူခဲ့ပါသလဲ။ ဘာကြောင့်လဲ။

၃။ အကယ်၍ မီးတွင်းစောင့်ရှောက်မှု လုံးဝမယူခဲ့ပါက၊ ဘာကြောင့် မယူခဲ့တာလဲ။

၄။ မွေးပြီး ၆ ပါတ်အတွင်း၊ မီးတွင်းကာလတွင် မည်သို့သော နေမကောင်းမှု၊ မီးတွင်းအန္တရာယ် (နောက်ဆက်တွဲ ဆိုးကျိုး) များဖြစ်ပေါ်ခဲ့ပါသလဲ။

၅။ ထိုနောက်ဆက်တွဲပြဿနာကိုမည်သူနှင့် မည်သို့ ကုသမှုခံယူခဲ့ပါသလဲ။

# ဇာတ်ဆောင်များဖြင့် သရုပ်ပြခြင်း
# (Role Play)

- သင်တန်းသားများထဲ မှ စုံစမ်းမေးမြန်းမည့်သူ (၃) ဦး
- သင်တန်းသားများထဲ မှ မိသားစုဝင်အဖြစ်သရုပ်ဆောင်ဖြေ ကြား   မည့်သူ (၃) ဦး
- အဖြစ်အပျက်အကျဉ်းချုပ်မှာ

(page 25 from MDSR BHS Manual (Myanmar version)

# ဆွေးနွေးရမည့် မေးခွန်းလွှာ

၁။ မြို့နယ်အဆင့် မိခင်သေဆုံးမှု ဆိုင်ရာစောင့်ကြပ်ကြည့်ရှုတုံ့ပြန်ဆောင်ရွက်သော အဖွဲ့ အနေဖြင့် မိခင်သေဆုံးမှုကို သွားရောက် စုံးစမ်း မေးမြန်းရာတွင် ကြုံတွေ့ခဲ့ ရသော စိန်ခေါ်မှု အချို့ကို ဖော်ပြပါ။

၂။ သားဖွားဆရာမသည် အချို့ပြဿနာများကို ကြိုးစား၍ ကာကွယ်ရန် မည်ကဲ့သို့သော မတူကွဲပြားသည့် လုပ်ဆောင်မှုများ ပြုလုပ်ခဲ့ပါသလဲ။

၃။ မြို့နယ်ကျန်းမာရေးအရာရှိ၊ အမျိုးသမီးကျန်းမာရေးဆရာမ / မြို့နယ်သူနာပြုဆရာမကြီး နှင့် သားဖွားဆရာမ တို့သည် သေဆုံးသူမိခင်၏ အိမ်ထောင်စုဝင်များ၏ ပို၍ကောင်းမွန်သော ယုံကြည်မှု နှင့် အပြန်အလှန် နားလည်မှု ကို မည့်ကဲ့သို့ တည်ဆောက်ခဲ့ပါသလဲ။ တိတိကျကျပြောပြပါ။ ၎င်းတို့၏ အပြုအမူ အချို့သည် မိသားစုဝင်များနှင့် ဆက်သွယ်မှု ပြုရာတွင် အခက်အခဲ ဖြစ်ပေါ်စေခဲ့ပါသလား။

၄။ မိခင်သေဆုံးမှုကို သွားရောက်စုံစမ်းမေးမြန်းသော အဖွဲ့သည် အိမ်ထောင်စုဝင်များထံမှ ပိုမို တိကျသော အချက်အလက်များ ရရှိရန် မည်သည့်နည်းလမ်းများ ကို အသုံးပြုခဲ့ပါသလဲ။

၅။ ယခုဇတ်လမ်းတွင် ကိုယ်ဝန်ဆောင်မိခင်သေဆုံးမှုနှင့် ပတ်သတ်သော အချက်အလက်များ ပိုမိုရရှိရန် နှင့် ပို၍ကောင်းမွန်တိုးတက်မှု ရှိသော အနေအထားဖြစ်ရန် လုပ်ဆောင်ပေးနိုင်တာ တစ်ခုခု ရှိပါသလား။

# သင်ခန်းစာ (၇)

## အခန်း(၇) ဆေးရုံအတွင်း မိခင်သေဆုံးမှုအား ဆေးရုံMDSR အဖွဲ့မှစောင့်ကြပ်ကြည့်ရှုတုံ့ပြန်ဆောင်ရွက်ခြင်း

# ဆေးရုံ MDSR အဖွဲ့ဝင်များ

| | | |
|---|---|---|
| ၁။ | ဆေးရုံအုပ် | အဖွဲ့ခေါင်းဆောင် |
| ၂။ | တာဝန်ခံသားဖွားမီးယပ်ဆရာဝန်ကြီး (ပါမောက္ခ/ဌာနမှူး) (သို့မဟုတ်) ဆေးရုံအုပ်တာဝန်ချထားသော OG အဆောင်မှလက်ထောက်ဆရာဝန် | အတွင်းရေးမှူး |
| ၃။ | မိခင်သေဆုံးသော အဆောင်မှ သားဖွားမီးယပ်ဆရာဝန် (သို့မဟုတ်) အဆောင်တာဝန်ခံ | အဖွဲ့ဝင် |
| ၄။ | တာဝန်ခံ မေ့ဆေးဆရာဝန် | အဖွဲ့ဝင် |
| ၅။ | မှုခင်းဆရာဝန်/ လက်ထောက်ဆရာဝန် | အဖွဲ့ဝင် |
| ၆။ | တာဝန်ခံရောဂါဗေဒ ဆရာဝန်/သွေးလှူဘဏ်တာဝန်ခံ | အဖွဲ့ဝင် |
| ၇။ | သမားတော်၊ ခွဲစိတ်ဆရာဝန် | အဖွဲ့ဝင် |
| ၈။ | ဆေးရုံမှ သူနာပြုအုပ်ကြီး/ လူနာဆောင်၏တာဝန်ခံ သူနာပြုဆရာမကြီး၊ | အဖွဲ့ဝင် |

(အဖွဲ့ဝင်အားလုံးသည် သက်ဆိုင်ရာဆေးရုံမှ အကြီးဆုံးတာဝန်ခံများ ဖြစ်ရပါမည်။)

# လုပ်ငန်းတာဝန်များ

၁။ မိခင်သေဆုံးမှုနှင့် ပတ်သက်ဆက်နွယ်သမျှသော ဆေးရုံများအားလုံးမှ လူနာ၏ မှတ်တမ်းများ အပြင် လိုအပ်သော အထောက်အထားများအားလုံးကို ပြန်လည်စစ်ဆေးရပါမည်။

(ကိုယ်ဝန်ဆောင် မှတ်တမ်း၊ ဓာတ်ခွဲစစ်ဆေးမှု မှတ်တမ်းများနှင့် ရင်ခွဲစစ်ဆေးတွေ့ရှိချက်များ)

၂။ သေဆုံးသောမိခင်ကို ကုသမှုတွင် ပါဝင်ခဲ့သည့် ကျန်းမာရေးဝန်ထမ်းများအားလုံးကို စစ်ဆေးမေးမြန်းရပါမည်။

၃။ ဆေးရုံတွင် မိခင်သေဆုံးမှုမေးမြန်းစုံစမ်းသောပုံစံ (ခ-၁) (သို့)(ခ-၂) (Hospital investigation Form B1 or B2) ကို ဖြည့်စွက်ရပါမည်။ ထိုဖြည့်စွက်ထားသောပုံစံကို လူနာနှင့်ပတ်သက်သမျှ လိုအပ်သော အထောက်အထား မိတ္တူများ အားလုံးနှင့်တကွ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ် MDSR အဖွဲ့ကို မိခင်သေဆုံးသည်မှ (၁၄)ရက်အတွင်း ပေးပို့ရပါမည်။

# လုပ်ငန်းတာဝန်များ

၄။ မိခင်သေဆုံးမှုဆိုင်ရာ စောင့်ကြပ်ကြည့်ရှုတုံ့ပြန်မှုကို ဆန်းစစ်သော အစည်းအဝေး ကိုလည်း ဆေးရုံတွင် လစဉ် ဆောင်ရွက်ရပါမည်။

၅။ ဆေးရုံတွင်လိုအပ်နေသော လစ်ဟာခြင်းများ၊ နှောင့်နှေးခြင်းများကို ဆေးရုံအတွင်းတွင် ချက်ချင်းတုံ့ပြန်ဆောင် ရွက်ပေးနိုင်အောင် တာဝန်ရှိအုပ်ချုပ်သူ အဖွဲ့မှ ပံ့ပိုးလုပ်ဆောင်ပေးရ ပါမည်။

၆။ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ် MDSR အဖွဲ့နှင့် ဗဟို MDSR အဖွဲ့မှ အကြံ ပြုပေးပို့သော ထပ်ဆောင်း တုံ့ပြန်ဆောင်ရွက်မှုများကိုလည်း အကောင်အထည်ဖော်ရပါမည်။

၇။ လစဉ်သေဆုံးနှုန်း မရှိပါကလည်း မရှိကြောင်း သတင်းပို့ခြင်းကို သက်ဆိုင်ရာ တိုင်း နှင့်ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် မိခင်နှင့်မျိုးဆက်ပွား ကျန်းမာရေးဌာနခွဲ ၊ပြည်သူ့ကျန်းမာရေးဦးစီးဌာနသို့ လစဉ်ပေးပို့ရပါမည်။

# Tools

- **ဆေးရုံအတွင်း** မိခင်သေဆုံးမှု မေးမြန်းစုံစမ်းသော ပုံစံ (Form B1 and B2)

# အခန်း - ၈
# တုံ့ပြန်ဆောင်ရွက်ခြင်း

# MOVING TO ACTIONS/RESPONSES





*Taking action to reduce avoidable maternal deaths is the reason for conducting MDSR*

**မိခင်သေဆုံးမှု စောင့်ကြပ်ကြည့်ရှုတုံ့ပြန်ဆောင်ရွက်ခြင်း**

**အဓိကရည်ရွယ်ချက် သည်**

**ကာကွယ်၍ရသောမိခင်သေဆုံးမှုများ လျှော့ချနိုင်ရန်**

**တုံ့ပြန်ဆောင်ရွက်ခြင်း ဖြစ်ပါသည်**

# MDSR

**SURVEILLANCE** - စောင့်ကြပ်ကြည့် ရှုခြင်း ဆိုသည် မှာ အရေးယူဆောင်ရွက်နိုင်ရန် အချက်အလက်များ ကောက်ခံခြင်းဖြစ်သည်

အရေအတွက် ကိန်းဂဏန်းများသာမက၊ မိခင်သေဆုံးမှု ကို ဖြစ်စေသော နောက်ခံအကြောင်းအရင်းခံများ ကို သိရှိနားလည်ခြင်းသည် အလားတူသေဆုံးမှု များကို ကာကွယ်နိုင်ရန် အလွန်အရေးကြီးသည်

**RESPONSE** တုံ့ပြန်ခြင်း- အလားတူ သေဆုံးမှုမျိုးကို ကာကွယ်နိုင်ရန် ဆောင်ရွက်ခြင်းဖြစ်သည်

- ချက်ချင်း နှင့် ရေရှည်
- ကျန်းမာရေးစောင့်ရှောက်မှု စနစ် (ကျန်းမာရေးဌာန / လူထုအခြေပြု)
- ဌာနဆိုင်ရာ အချင်းချင်း
- ဒေသဆိုင်ရာ မူဝါဒ ပြောင်းလဲခြင်း နှင့် တိုးတတ်ခြင်း
- ခက်ခဲသော အခြေအနေများ ရှိသော်လည်း ကိုယ်ဝန်ဆောင်စောင့်ရှောက်မှု အရည်အသွေးတိုးတတ်စေရန်

World Health Organization Myanmar

ESSENTIAL HEALTH PROJECT

USAID jhpiego pact koekoetech psi THINK WELL

UNFPA

# Case Summary

- အသက် (၂၁) နှစ်အရွယ် အမျိုးသမီးတစ်ဦးသည် သူမ ၏ တတိယ ကလေးကို အိမ်၌ ပင်မွေးဖွားခဲ့သည်။
- သူမ ၏ သားဦးကလေးသည် ခဲရာခဲဆစ် မွေးရပြီး သေဆုံးခဲ့သည် ။ သူမ၏ ဒုတိယ ကလေးငယ် သည် လမစေ့မှီ မွေးဖွားခဲ့ သော် လည်း အသက်ရှင်ခဲ့သည်။
- လက်ရှိကိုယ်ဝန်ဆောင်နေစဉ် အတွင်း သူမသည် ကိုယ်ဝန်ဆောင် စောင့်ရှောက်မှု ခံယူရန် ကျေးလက်ကျန်းမာရေးဌာန သို့သွားခဲ့သည်။
- သူမ သည် ကျန်းမာသော ကလေးငယ် ကို မွေးဖွားပြီး (၁) နာရီ အကြာတွင် သွေးများစတင် ဆင်းလာသည် ကို ခံစားရသည်။ သားဖွားဆရာမ သည် (၁) နာရီ အတွင်း ရောက်ရှိလာသည်။
- ဆရာမရောက်ရှိချိန်တွင် သူမသည် သွေးဆင်းလွန်၍ ဖြူဖွေးနေသည့် အတွက် သူမကို ဆရာမ က Oxygen နှင့် Misoprostol ဆေး ကို ပေးထားသည်
- သွေးများဆက်၍ ဆင်းနေသောကြောင့် သားဖွားဆရာမသည် ဆေးရုံသို့ သွားရန်တိုက်တွန်း သည် (အဆိုပါ နေရာ နှင့် ၁ နာရီခန့် ဝေးသော နေရာတွင် ဆေးရုံ ရှိသည်)

# တာဝန်ရှိသော အဖွဲ့အစည်း များနှင့် ၎င်းတို့၏တုံ့ပြန်ဆောင်ရွက်မှုများ

ဗဟိုအဆင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန : မူဝါဒပြောင်းလဲမှုများ, အရင်းအမြစ်များစီမံခန့်ခွဲခြင်း

ပြည်နယ်နှင့်တိုင်းအဆင့် : ဝန်ထမ်းခန့်ထားခြင်း၊အထူးကြပ်မတ်ကုသခန်း စတင်ဖွင့်လှစ်ခြင်း & EmOC etc

ဆေးတက္ကသိုလ်များ: ဆေးကုသခြင်းဆိုင်ရာများပုံစံပြောင်းလဲခြင်း၊ စောင့်ကြပ်ကြည့်ရှုတုံ့ပြန်မှု များပြုလုပ်ခြင်း, ရောဂါကုသမှုများအတွက် လမ်းညွှန်ချက်များ, Trainin g သင်တန်းများetc.

ကုလသမဂ္ဂ နှင့် မိတ်ဖက်အဖွဲ့အစည်းများ:နည်းပညာ နှင့် ငွေကြေးအထောက်အပံ့

# ခိုင်လုံသော အထောက်အထားများ ကို အခြေခံထားသော ကုသမှုနည်းလမ်းများ နှင့် နည်းဗျူဟာများ

- အခြေခံအရေးပေါ် မိခင်နှင့် မွေးကင်းစ ကလေး ကျန်းမာရေး စောင့်ရှောက်မှု (BEmONC)
- ကျွမ်းကျင်သောမွေးဖွားသူများ တိုးမြှင့်ရေးနှင့် ဆေးရုံဆေးခန်းများတွင် မွေးဖွားခြင်း တို့ အစရှိသည့် နည်းဗျူဟာများ
- အရည်အသွေးပြည့်မီသော ကိုယ်ဝန်ဆောင် စောင့်ရှောက်မှု (ANC)
- မိသားစုစီမံကိန်း (FP)
- ကိုယ်ဝန်ပျက်ပြီးနောက် စောင့်ရှောက်မှုပေးခြင်း
- ကျန်းမာရေးစောင့်ရှောက်မှုအရည်အသွေးကို မြှင့်တင်ခြင်း





BEmONC & Referral care

# “ကျွမ်းကျင်သူနှင့် စောင့်ရှောက်မှုခံယူခြင်း”

“ ကျွမ်းကျင်သူနှင့်စောင့်ရှောက်မှု ခံယူခြင်း” ဆိုသည်မှာ ကိုယ်ဝန်ဆောင် အမျိုးသမီးများသည် ကိုယ်ဝန်ဆောင်စဉ်၊ မီးဖွားစဉ် နှင့် မီးဖွားပြီးကာလများတွင် လုံလောက်သော ကုသစောင့်ရှောက်မှုများ ရရှိခြင်း ကို ဆိုလိုပါသည်။ (SMI AG 2000)

(SBA)ကျွမ်းကျင်သော ကိုယ်ဝန်စောင့်ရှောက်မှုပေးသူ + ပံ့ပိုးပေးသော ပတ်ဝန်းကျင်= ကျွမ်းကျင်သူနှင့်ကိုယ်ဝန်ဆောင်စောင့်ရှောက်မှုခံယူခြင်း

# ကျွမ်းကျင်သော ကိုယ်ဝန်ဆောင်စောင့်ရှောက်ပေးသူ

- လုံခြုံစိတ်ချရသော ကိုယ်ဝန်ဆောင်မိခင် ဖြစ်ရေးအတွက် အရေးကြီးသောဆောင်ရွက်ချက်တစ်ခု မှာ သားဖွားပညာကျွမ်းကျင်သော ကျန်းမာရေးလုပ်သား သည် မီးဖွားမှု ဖြစ်စဉ်တိုင်း ရှိနေစေရေးနှင့် အရေးပေါ်အခြေအနေတွင် လူနာလွှဲပြောင်းပေးနိုင်ရေးတို့အတွက် အသင့်ရှိနိုင်ရေး တို့ အရေးကြီးပါသည်။
- လုံလောက်သော ကျန်းမာရေးလုပ်သားများ ကို သင်တန်းပေးမွေးထုတ်ရမည့် အပြင် လုံလောက်သောဆေးဝါး ပစ္စည်းများ (Essential Medicine) လည်း ထောက်ပံ့ပေးထားရမည်

World Health Organization Myanmar

ESSENTIAL HEALTH PROJECT
USAID jhpiego pact koekoetech psi THINKWELL

UNFPA

# ပံ့ပိုးပေးသော ပတ်ဝန်းကျင်

- ကျွမ်းကျင်သော ကိုယ်ဝန်ဆောင်စောင့်ရှောက်ပေးသူသည် ထိုကဲ့သို့ ဆောင်ရွက်ပေးနိုင်ရန် အတွက် ပံ့ပိုးပေးသောပတ်ဝန်းကျင် ရှိရပါမည်
- လုံလောက်သော ဆေးဝါး ပစ္စည်းများရှိရပါမည်
- အခြေခံအဆောက်အဦး Infrastructure - **တိုက်နယ် နှင့် မြို့နယ်အဆင့် ဆေးရုံများ ကို အဆင့်မြှင့်တင်ရန် လိုအပ်ပါသည်**
- လမ်းပန်း ဆက်သွယ်ရေး၊ လူနာလွှဲပြောင်းပေးပို့သော စနစ် တို့ ထူထောင်ထားရမည်
- ထိရောက်သော ဆောင်ရွက်ချက် များဖြစ်ပေါ်လာစေရန် အတွက် မူဝါဒအားကောင်းရမည်
- စွမ်းဆောင်ရည် တိုးတတ်စေရန် စဉ်ဆက်မပြတ် ဆေးပညာသင်ကြားခွင့်ရရှိရန်
- အထောက်အကူပြု ကြီးကြပ်ကြည့် ရှုမှု များရရှိနိုင်ရေး

# ခိုင်လုံသော အထောက်အထားများ ကို အခြေခံထားသော ကုသမှုနည်းလမ်းများ

## Haemorrhage (သွေးသွန်ခြင်း)

- မီးဖွားစဉ် အဆင့် ၃ ကို စနစ်တကျ အရေးယူစီမံဆောင်ရွက်ခြင်း (active management of third stage of labour)
- Misoprostol
- သွေးသွင်းခြင်း




## Sepsis (ပိုးဝင်ခြင်း)

- သန့်ရှင်းသော မွေးဖွားမှု
- ရေမွှာပေါက်ချိန်ကြာခြင်းတွင် ပဋိဇီဝဆေးများ ပေးခြင်း
- ခွဲစိတ်မွေးဖွားရန် ပဋိဇီဝဆေးများ ပေးခြင်း

World Health Organization Myanmar

MINISTRY OF HEALTH AND SPORTS

ESSENTIAL HEALTH PROJECT

USAID jhpiego pact koekoetech psi THINK WELL

UNFPA

# ခိုင်လုံသော အထောက်အထားများ ကို အခြေခံထားသော ကုသမှုနည်းလမ်းများ



## Abortion (သားပျက်သားလျှောခြင်း)

- ဆေးဘုတ်အဖွဲ့ ၏ သဘောတူဆုံးဖြတ်ချက် အတိုင်း မိခင်၏အသက်အန္တရာယ် ကို ကာကွယ်ရန် အလို့ငှာ TOP လုပ်ခြင်း
  (eg. Early Pregnancy with CA Breast/ CA Colon, etc)
- ကိုယ်ဝန်ပျက်ပြီးနောက် လုံခြုံစိတ်ချရသော MVA သို့မဟုတ် သားအိမ်ခြစ်ခြင်း၊ အကြောမှ ပဋိဇီဝဆေးများထိုးသွင်းပေးခြင်း

## Obstructed Labour (အတားအဆီးရှိ၍ မမွေးနိုင်ခြင်း)

- ဗိုက်နာချိန်မှ ၁၂ နာရီ ကြာပြီးနောက် ဆေးရုံဆေးခန်းတွင် မီးဖွားခြင်း
- Use of partograph (ပါတိုဂရပ် သုံးစွဲခြင်း)
- Availability of LSCS (ခွဲစိတ်မွေးရန် အဆင့်သင့်ဖြစ်ခြင်း)

World Health Organization Myanmar

ESSENTIAL HEALTH PROJECT
USAID jhpiego pact koekoetech psi THINK WELL

UNFPA

# ဆေးကုသခြင်းမဟုတ်သော အခြားဖြေရှင်းနည်းများ

- မိခင်သေဆုံးမှု ပြန်လည်ဆန်းစစ်ရာတွင် တွေ့ရှိရသော အချို့သော ပြဿနာများသည် ဆေးကုသခြင်း နှင့် မသက်ဆိုင်သော ကြောင့် အဖြေမရှိနိုင်ပေ

- လူထု၏ ကျန်းမာရေးစောင့်ရှောက်မှု ခံယူခြင်း အလေ့အထ ပြောင်းလဲအောင် ဆောင်ရွက်ပေးခြင်း၊ လမ်းပန်းဆက်သွယ်ရေး အခက်အခဲများ ဖြေရှင်းပေးခြင်း နှင့် ဆေးကုသမှု ကုန်ကျစရိတ်များ လျှော့ကျအောင် စီမံပေးခြင်း တို့ ဆောင်ရွက်ပေးနိုင်သည်

- ပြည်သူလူထု ပါဝင်ပူးပေါင်း အောင် ဆွဲဆောင်သော နည်းလမ်းများ ကျင့်သုံးခြင်း ဖြင့်သာ အောင်မြင်မှုကို ရရှိနိုင်သည်

World Health Organization Myanmar

ESSENTIAL HEALTH PROJECT

# ဘာတွေဆောင်ရွက်မလဲ ?

- ပြဿနာများအားလုံး ကို တပြိုင်နက် ဖြေရှင်းရန် မလွယ်ကူပါ
- ပြဿနာ ဘယ်လောက်များသလဲ, Prevalence ?
- တုံ့ပြန်ဆောင်ရွက်ချက်များ ဆောင်ရွက်နိုင်ရန် ဖြစ်နိုင်ချေ ရှိ မရှိ – ဝန်ထမ်းအင်အား၊ နည်းပညာ နှင့် ဘဏ္ဍာငွေအင်အား ရရှိနိုင်မှု?
- တုံ့ပြန်ဆောင်ရွက်ခြင်း၏ ကနဦး ရလဒ်သည် ဘာဖြစ်မလဲ
  - *အောင်မြင်အောင် ဆောင်ရွက်နိုင်မည် ဆိုပါက ကိုယ်ဝန်ဆောင် အမျိုးသမီး မည်မျှ ကို အကျိုးဖြစ်စေ၍ အသက် ဘယ်နှစ်ချောင်း ကို ကယ်တင်နိုင်မည်နည်း ။*



"တကယ်တော့ အမျိုးသမီးတွေဟာ ကျွန်တော်တို့ မကုသနိုင်တဲ့ ရောဂါတွေ ကြောင့် သေဆုံးနေရတာ မဟုတ်ပါဘူး ။ သူတို့  တကယ်တမ်း သေဆုံးနေရခြင်းဟာ ကျွန်တော်တို့ လူမှုအသိုင်းအဝိုင်းက သူတို့အသက်တွေဟာ ကယ်တင်ဖို့ ထိုက်တန်တယ်ဆိုတဲ့ မှန်ကန်တဲ့ ဆုံးဖြတ်ချက် ကို မချမှတ် နိုင်သေးလို့ ပဲဖြစ်ပါတယ်။"

(Dr Mahmud Fathalla)

# Thank you for your kind attention!



World Health Organization Myanmar

MINISTRY OF HEALTH AND SPORTS

ESSENTIAL HEALTH PROJECT

USAID jhpiego pact koekoetech psi THINKWELL

UNFPA